သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

RBF



# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးလက်စွဲ

(တတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်)

၂၀၂၄ခုနှစ်၊ ဇူလိုင်လ

## မာတိကာ


စီမံကိန်းနောက်ခံအကြောင်းအရာ ............ ၁

ရည်ရွယ်ချက် ............ ၂

စီမံကိန်းဧရိယာ ............ ၂

ဆောင်ရွက်မည့်နည်းလမ်း ............ ၃

အကျိုးကျေးဇူး ............ ၅

စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့် မူများ ............ ၆

စီမံကိန်းကျေးရွာများအတည်ပြုခြင်း ............ ၇

**အဆင့် (၁) ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေး ကြိုတင်ပြင်ဆင်ခြင်း** ............ ၈

အဆင့်ခွဲ (၁) - ပထမအကြိမ် ကျေးရွာအစည်းအဝေးပြုလုပ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း ............ ၈

အဆင့်ခွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း ............ ၉

အဆင့်ခွဲ (၃) - ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်၍ ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း ............ ၁၀

အဆင့်ခွဲ (၄) - လက်ရှိစီးပွားရေးဆောင်ရွက်နေသူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း ............ ၁၈

**အဆင့် (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း** ............ ၁၈

အဆင့်ခွဲ (၅) - အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မည့် အုပ်စုများဖွဲ့စည်းခြင်း ............ ၁၈

အဆင့်ခွဲ (၆) - စီးပွားရေးအဆိုပြုလွှာရေးသားနည်းသင်ကြားပေးခြင်း ............ ၂၁

အဆင့်ခွဲ (၇) - အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များမှ အဆိုပြုလွှာရေးသားခြင်း ............ ၂၂

**အဆင့် (၃) အဆိုပြုလွှာများအားစုစည်းခြင်းနှင့်သုံးသပ်ခြင်း** ............ ၂၇

အဆင့်ခွဲ(၈)- အဆိုပြုလွှာများအားကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့မှ ပဏာမသုံးသပ်ခြင်း ............ ၂၇

အဆင့်ခွဲ (၉) - မြို့နယ်နှင့် အထက်အဆင့် ကြီးကြပ်မှုကော်မတီများမှ အဆိုပြုလွှာများအား သုံးသပ်ခြင်းနှင့် အတည်ပြုရွေးချယ်ခြင်း ............ ၂၇

**အဆင့် (၄) ဘဏ္ဍာငွေနှင့်နည်းပညာပံ့ပိုးခြင်း** ............ ၃၆

အဆင့်ခွဲ (၁၀) - စာချုပ်ချုပ်ဆိုခြင်း ............ ၃၆

အဆင့်ခွဲ(၁၁)- စာရင်းရှင်ဖွင့်လှစ်ခြင်းနှင့်ရန်ပုံငွေလွှဲပြောင်းခြင်း ............ ၃၇

အဆင့်ခွဲ(၁၂)- နည်းပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ပို့ချခြင်း ............ ၄၂

**အဆင့်(၅) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**.........၄၃
အဆင့်ခွဲ(၁၃)- လုပ်ငန်းများစတင်လည်ပတ်ခြင်း .........၄၃
အဆင့်ခွဲ (၁၄)- ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်း .........၅၀
အဆင့်ခွဲ (၁၅)- ထုတ်ကုန်များရောင်းချခြင်း .........၅၃
**အဆင့်(၆) သုံးသပ်အကဲဖြတ်ခြင်းနှင့်အစီအစဉ်များပြန်လည်ရေးဆွဲခြင်း**.........၅၆
အဆင့်ခွဲ (၁၆) - စာရင်းပြုစုခြင်းနှင့်အစီရင်ခံခြင်း.........၅၆
အဆင့်ခွဲ (၁၇)-အကဲဖြတ်ခြင်းနှင့်သုံးသပ်ခြင်း.........၅၉
ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဉ်.........၆၁
စီမံကိန်းရန်ပုံငွေအား ရပ်ဆိုင်းခြင်း၊ ပြန်လည်သိမ်းဆည်းခြင်း.........၆၄
အရေးယူအပြစ်ပေးခြင်း.........၆၅
ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခြင်း.........၆၆
**နောက်ဆက်တွဲများ**

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း**

## စီမံကိန်းနောက်ခံအကြောင်းအရာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအများဆုံးခံစားရသည့် ဒေသများမှာ ကျေးလက်ဒေသများဖြစ်သည့်အလျောက် ယင်းဒေသများ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချနိုင်ရန်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် အလွန်ပဲအရေးကြီးလှပါသည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ရေးဆွဲထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာလတို၊ ကာလလတ်စီမံကိန်း အစီအစဉ်များရေးဆွဲပြီး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသောစီးပွားရေးဦးတည်ချက်အမှတ်စဉ်(၁)ကိုအထောက်အကူပြုစေရန်၊ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့အပြင် စီးပွားရေးဦးတည်ချက်အမှတ်စဉ်(၁) ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”ကို အထောက်အကူပြုစေရန်အတွက်လည်းကောင်း၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (One Village One Product – OVOP) ထုတ်လုပ်မှုကို အားပေးမြှင့်တင် နိုင်ရန်လည်းကောင်း၊ ဒေသထွက်ကုန်များကို ဈေးကွက်နှင့် စနစ်တကျ ချိတ်ဆက်၍

စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့အသွင် (သို့မဟုတ်) သမဝါယမပုံစံဖြင့်ဖော်ဆောင်ခြင်းဖြင့် (Commercial Scale) ကိုတက်လှမ်းပိုင်ဆိုင်နိုင်ရန် အတွက်လည်းကောင်းမျှော်မှန်း၍ **ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (Rural Business Fund)** ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ဒုတိယမျိုးဆက် (Second Generation) စီမံကိန်းအဖြစ်ဒီဇိုင်းရေးဆွဲ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ရည်ရွယ်ချက်

၄။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်၊

(ခ) ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတနှင့် နည်းပညာများရရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းဖွံ့ဖြိုးလာစေရန်၊

(ဂ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊

(ဃ) မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာစေရန်နှင့်

(င) ဒေသထွက်ကုန်အပေါ် အခြေခံသည့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(စ) ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One village One product) လုပ်ငန်းများ အထောက်အကူဖြစ်စေရန်။

## စီမံကိန်းဧရိယာ

၅။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် ပြည်နယ်/တိုင်းဒေသကြီး (၁၄) ခု၊ မြို့နယ်များရှိကျေးရွာများအနက် ကျေးရွာ

များ၏ လိုအပ်ချက်နှင့် ကျေးရွာရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ညွှန်းကိန်းများနှင့်ပြည့်မီသော ကျေးရွာများ အားရွေးချယ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆောင်ရွက်မည့်နည်းလမ်း**

၆။ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) အနည်းဆုံးအိမ်ထောင်စု (၅)စုမှ အများဆုံးအိမ်ထောင်စု (၁၅)စုအထိ ပါဝင်သော စိတ်တူကိုယ်တူအသက်မွေးဝမ်းကျောင်းအဖွဲ့များဖွဲ့စည်းခြင်း (သို့မဟုတ်) သမဝါယမအစုအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းခြင်း၊

(ခ) ယင်းအဖွဲ့များမှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆိုပြုလွှာများရေးသားတင်ပြစေ၍ မြို့နယ်ကျေးလက်ဦးစီးဌာနမှ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီစိစစ်ခြင်း၊

(ဂ) ယင်းလုပ်ငန်းအဆိုပြုလွှာများအနက် ရမှတ်(၇၀) နှင့် အထက်ရရှိသော အဆိုပြုလွှာများအား ဦးစီးဌာန(ရုံးချုပ်)မှ အတည်ပြုခြင်း၊

(ဃ) မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့ကြား ရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူစာချုပ်နှင့် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အောင်မြင်သောအသက်မွေးဝမ်းကျောင်းအဖွဲ့ကြား ချေးငွေသဘောတူစာချုပ်ချုပ်ဆိုခြင်း၊

(င) မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်နှင့် ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်များဖွင့်လှစ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များထံ ချေးငွေများ ထုတ်ချေးပေးခြင်း၊

(စ) ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေအဖြစ် အများဆုံးကျပ်သိန်း (၃၀၀) မတည်ပေးခြင်း၊(လုပ်ငန်းလိုအပ်ချက်ရှိပါကပြည်ထောင်စုအဆင့်ဗဟိုကြီးကြပ်မှုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ထံတင်ပြ၍ ကျေးရွာစီမံကိန်းရန်ပုံငွေ ပမာဏသတ်မှတ်ခြင်း (သို့မဟုတ်) ယူနစ်တိုးမြှင့်ဆောင်ရွက်ခြင်း)၊

(ဆ) အသက်မွေးဝမ်းကျောင်းအဖွဲ့တစ်ဖွဲ့လျှင် အများဆုံးကျပ် (၇၅) သိန်းထုတ်ချေးပေးခြင်း၊ သို့ရာတွင် လုပ်ငန်းပမာဏများပြားခြင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီခြင်း၊ ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်ခြင်းနှင့် ဈေးကွက်

အလားအလာရှိသောလုပ်ငန်းများဖြစ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ထံတင်ပြခွင့်ပြုချက်ရယူပြီး ကျပ် (၇၅)သိန်းထက်ပို၍ ခွင့်ပြုနိုင်ခြင်း၊

(ဇ) ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အစုအဖွဲ့ဆောင်ရွက်မှုပုံစံ (၂)မျိုးဖြစ်သည့် ပုံစံ (၁) လုပ်ငန်းတစ်ခုလုံးကို အစုအဖွဲ့ပုံစံဖြင့်လည်းကောင်း၊ ပုံစံ (၂) စုပေါင်းဝယ်ယူခြင်းနှင့် စုပေါင်းရောင်းချခြင်းကိုသာ အစုအဖွဲ့ပုံစံဖြင့်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဈ) အဆိုပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ (၇၅%) ခန့်ကို စီမံကိန်းမှ ထုတ်ချေးပေးပြီး အသက်မွေးဝမ်းကျောင်းအဖွဲ့မှ (၂၅%) ခန့်ကို ထည့်ဝင်ရမည်ဖြစ်ခြင်း၊ (သို့ရာတွင် ယင်းရာခိုင်နှုန်းသတ်မှတ်ချက်အား ဦးစီးဌာန (ရုံးချုပ်) က လိုအပ်သလိုပြောင်းလဲ သတ်မှတ်နိုင်ခြင်း)

(ည) အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အုပ်ချုပ်မှုအသေးသုံးစရိတ်အား ၎င်းတို့၏ထည့်ဝင်ငွေ (၂၅%)မှ အသုံးပြုရမည်ဖြစ်ပြီး (၁)နှစ်လျှင် လုပ်ငန်းတန်ဖိုး၏ (၂%) ထက်မပိုစေရပါ။ (သို့ရာတွင် လိုအပ်ပါက ယင်းသတ်မှတ်ချက်အား မြို့နယ်လုပ်ငန်းအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်ခြင်း)

(ဋ) ကျေးရွာလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်မှုအသုံးစရိတ်အား အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးသွင်းသော အတိုးရငွေများမှ သုံးစွဲနိုင်ပြီး (၁)နှစ်လျှင် ငွေကျပ် (၂) သိန်းထက် မပိုသောအသုံးစရိတ်ကိုသုံးစွဲနိုင်ခြင်း၊ အုပ်ချုပ်မှုစရိတ်သုံးစွဲရာတွင် အမှန်တကယ်လိုအပ်သည့်ကိစ္စရပ်များကိုသာ အနည်းဆုံးနှုန်းဖြင့် ကျခံသုံးစွဲခြင်း၊

(ဌ) ရွေးချယ်ခံရသောအဖွဲ့မှ အစုအဖွဲ့ပုံစံဖြင့် လုပ်ငန်းများလည်ပတ်ခြင်း၊ ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အတိုးနှုန်းကောက်ခံခြင်း၊

(ဍ) အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် စီမံကိန်းမှချေးငွေအတွက် ငွေတစ်ရာအတွက် တစ်လလျှင် (၅၀) ပြားအတိုးနှုန်းသတ်မှတ်၍ စီမံကိန်းစက်ဝန်း တစ်ခုပြီးတိုင်း အသက်မွေးဝမ်းကျောင်းအဖွဲ့ တစ်ဖွဲ့စီအလိုက် အတိုးနှင့်အရင်းအား ကျေးရွာလုပ်ငန်းအဖွဲ့သို့ ပြန်လည်ပေးသွင်းခြင်း၊ ကျွဲ၊ နွား၊ နွားနောက် မွေးမြူခြင်း၊ ကော်ဖီ၊ ရာဘာ၊ ဝဥကဲ့သို့ နှစ်ရှည်ပင်စိုက်ပျိုးခြင်း လုပ်ငန်းဖြစ်ပါက

တစ်နှစ်လျှင်တစ်ကြိမ် ကျသင့်ငွေအတိုးအား ကျေးရွာလုပ်ငန်းအဖွဲ့သို့ ပြန်လည်ပေးသွင်းခြင်း၊ ကျေးရွာလုပ်ငန်းအဖွဲ့အနေဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးသွင်းလာသော အတိုးနှင့် အရင်းငွေများအား ၎င်း၏ဘဏ်စာရင်းရှင်သို့ ပြန်လည်ထည့်သွင်းခြင်း၊

(ဃ) ကျေးရွာလုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ နောက်တစ်ကြိမ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းစက်ဝန်းတစ်ခု ဆောင်ရွက်နိုင်ရန် မူလအရင်းငွေအား သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းအဖွဲ့များထံ အဆိုပြုလွှာတွင် ပါဝင်သော ချေးငွေတစ်ရပ်လုံးအတွက် တစ်ကြိမ်တည်း (၁၀၀%) အား ငွေသား (သို့မဟုတ်) ချက်လက်မှတ် (သို့မဟုတ်) Digital Payment ဖြင့် ပြန်လည်ထုတ်ပေးခြင်း၊

(ဏ) အတိုးရငွေများအား နောက်စက်ဝန်းတွင် ထပ်ပေါင်းရင်းနှီးနိုင်ရန် ပြန်လည်ထုတ်ချေးပေးနိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း နှစ်ကာလစောင့်ဆိုင်းစရာမလိုဘဲ ကျေးရွာ၏ အများသဘောတူဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(တ) ကျေးလက်ဦးစီးဌာနမှ ဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ လိုအပ်သော နည်းပညာကူညီပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း၊

(ထ) အခြားလိုအပ်သည်များ ကူညီပံ့ပိုးခြင်းနှင့် စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်း၊

(ဒ) သက်တမ်း (၃) နှစ်ပြည့်ပြီးသည့်အချိန်တွင် မူလမတည်ငွေကို အခြားအသက်မွေးဝမ်းကျောင်းအဖွဲ့ (သို့မဟုတ်) အခြားကျေးရွာ (သို့မဟုတ်) အခြားမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲတစ်စုံတစ်ရာရှိလာပါက ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ထံ တင်ပြ၍ သက်တမ်းတိုးမြှင့်ခြင်း။

**အကျိုးကျေးဇူး**

၇။ စီမံကိန်းကျေးရွာများတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်-

(က) ငွေကြေးအရင်းအနှီးများရရှိလာခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဆောင်ရွက်လာနိုင်ခြင်း၊

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနည်းပညာများ၊ ငွေကြေးစီမံခန့်ခွဲမှုနည်းပညာများရရှိလာခြင်းနှင့် မိသားစုဝင်ငွေတိုးပွားလာခြင်း၊

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသေးစား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်း၊

(ဃ) အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊

(င) အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုမြင့်မားလာခြင်း၊

(စ) စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာခြင်း၊ အသင်းအဖွဲ့စိတ်ဓါတ် ဖွံ့ဖြိုးအားကောင်းလာခြင်း၊

(ဆ) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများဖွံ့ဖြိုးလာခြင်း၊

(ဇ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှု အစီအစဉ်ကို အထောက်အကူပြုနိုင်ခြင်း၊

**စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့် မူများ**

၈။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာ၊

(ခ) ထုတ်ကုန်များ ဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းသောကျေးရွာ၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပြီး အချက်အချာကျသောကျေးရွာ၊

(ဂ) ကျေးရွာသူ/သားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအပေါ် စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ စီမံကိန်းတွင်ပူးပေါင်းပါဝင်မှုအားကောင်းသော ကျေးရွာနှင့် စိုက်ပျိုး မွေးမြူရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသောကျေးရွာ၊

(ဃ) ကူးစက်ရောဂါပြန့်ပွားမှုနှင့် ဘေးအန္တရာယ်ကျရောက်မှုကြောင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုအများဆုံး ကြုံတွေ့ရသည့် ကျေးရွာ။

၉။ အထက်ပါ စံသတ်မှတ်ချက်များအပြင် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်းဆောင်ရွက်သောကျေးရွာများအား ဦးစားပေးရွေးချယ်ရန်ဖြစ်ပါသည်။ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေးနွေးတိုင်ပင်ရွေးချယ်ရမည်။

**စီမံကိန်းကျေးရွာများအတည်ပြုခြင်း**

၁၀။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်သူများမှ စံသတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းရွေးချယ်ထားသော စီမံကိန်းကျေးရွာများစာရင်းကို ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီထံ ပဏာမ အတည်ပြုချက်တောင်းခံရမည်ဖြစ်ပါသည်။

၁၁။ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီမှ စိစစ်အတည်ပြုထားသော ကျေးရွာများစာရင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့တင်ပြရမည် ဖြစ်ပါသည်။ စီမံကိန်း ကျေးရွာများရွေးချယ်ခြင်းအတွက် နောက်ဆုံးအတည်ပြုခြင်းအား ပြည်ထောင်စုအဆင့် ဗဟို ကြီးကြပ်မှုကော်မတီက အတည်ပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

၁၂။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆင့်(၆)ဆင့်ဖြင့် ဆောင်ရွက်ရမည် -

အဆင့် **(၁)** ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေး ကြိုတင် ပြင်ဆင်ခြင်း၊

အဆင့် **(၂)** ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊

အဆင့် (၃) ➡ အဆိုပြုလွှာများအားစုစည်းခြင်း၊စိစစ်အကဲဖြတ်သုံးသပ်ခြင်းနှင့်အတည်ပြု ရွေးချယ်ခြင်း၊

အဆင့် (၄) ➡ ဘဏ္ဍာငွေနှင့် နည်းပညာပံ့ပိုးခြင်း၊

အဆင့် (၅) ➡ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

အဆင့် (၆) ➡ သုံးသပ်အကဲဖြတ်ခြင်းနှင့် အစီအစဉ်များ ပြန်လည်ရေးဆွဲခြင်း။

**ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်စက်ဝန်း**




**အဆင့် (၁) ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေး ကြိုတင်ပြင်ဆင်ခြင်း**

**အဆင့်ခွဲ (၁) - ပထမအကြိမ် ကျေးရွာအစည်းအဝေးပြုလုပ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း**

၁၃။ ကျေးရွာ၏ လက်ရှိယေဘူယျအခြေအနေများကို သိရှိနိုင်ရန်နှင့် စီမံကိန်းကျေးရွာတွင် အသက်မွေးကျောင်းဆိုင်ရာ လုပ်ငန်းများကို အစုအဖွဲ့ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနိုင်ရန်တို့အတွက် ပထမအကြိမ် ကျေးရွာအစည်းအဝေးကို ကျင်းပပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာစီမံကိန်းကျေးရွာများတွင် ကျင်းပရမည်ဖြစ်သည်။ အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဦးစီးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးလုပ်ငန်းစဉ် အကြောင်းအရာ မိတ်ဆက်ခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကျဉ်းချုပ်၍ ကျေးရွာသူ/သားများ သိရှိနားလည်သဘောပေါက်အောင် သေချာစွာ ရှင်းလင်းဆွေးနွေးရမည်။

၁၄။ အဆိုပါ ကျေးရွာရှိ အိမ်ထောင်စုများမှ အိမ်ထောင်စုတစ်စုလျှင် (၁)ဦး အစည်းအဝေးသို့ တက်ရောက်ရန် အစည်းအဝေးမပြုလုပ်မီ (၁)ရက်ကြိုတင်၍ ဖိတ်ကြားရမည်။ အသက်မွေးဝမ်း ကျောင်းအဖွဲ့များဖွဲ့စည်းရာတွင် အမျိုးသမီးအများစုပါဝင်နိုင်စေရေးအတွက် အမျိုးသမီးဦး ဆောင်အိမ်ထောင်စုများနှင့် အလွှာပေါင်းစုံမှအိမ်ထောင်စုဝင်များ အစည်းအဝေး တက်ရောက် နိုင်ရေး စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။

၁၅။ စီမံကိန်းဆောင်ရွက်မည့်ကျေးရွာရှိ ဖိတ်ကြားထားသည့် လူဦးရေလုံလောက်စွာ တက် ရောက်နိုင်မည့်နေရာ (ဥပမာ - ဓမ္မာရုံ၊ ဇရပ်၊ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စာ သင်ကျောင်း၊ ကျေးရွာခန်းမ စသည့်) များတွင် အစည်းအဝေးကျင်းပရမည်။ အစည်းအဝေးသို့ ကျေးရွာအိမ်ထောင်စုများအားလုံး တက်ရောက်နိုင်ရန် အဆင်ပြေသင့်လျော်သည့်အချိန်တွင် ကျင်းပရမည်။ အစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကူးစက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်ရမည်ဖြစ်သည်။

**အဆင့်ခွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း**

၁၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝန်ထမ်းများနှင့် ကျေးရွာလူထုပူးပေါင်း၍ ကျေးရွာ၏ ပကတိ အခြေအနေများကိုဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဦးစားပေး အစီအစဉ်များ ပါဝင်သည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Village Development Plan)ကို ရေးဆွဲရမည်။ အကယ်၍ စီမံကိန်း ဆောင်ရွက်မည့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲပြီးဖြစ်ပါက အသက်မွေး ဝမ်းကျောင်းဖွံ့ဖြိုးရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အောက်ဖော်ပြပါ ဇယား အမှတ်စဉ်များကို အသုံးပြု၍ လေ့လာဆန်းစစ်ရမည် ဖြစ်သည် -

(က) ဇယား (၄) - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

(ခ) ဇယား (၁၄) - ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

(ဂ) ဇယား (၁၅) - အဓိကသီးနှံများနှင့် အထွက်နှုန်း

(ဃ) ဇယား (၁၆) - ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

(င) ဇယား (၁၇) - သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

(စ) ဇယား (၁၈) - သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

(ဆ) ဇယား (၂၀) - မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း

(ဇ) ဇယား (၂၁) - မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုလုပ်ငန်းအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

၁၇။ အကယ်၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲထားခြင်းမရှိပါက အောက်ဖော်ပြပါ အဆင့်များအတိုင်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို စနစ်တကျရေးဆွဲဆောင်ရွက်ရမည် ဖြစ်သည် -

(က) အဆင့်(၁)။ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနည်းဖြင့် ကျေးရွာ၏လိုအပ်ချက်များကို လူမှုစီးပွားဘဝ အခြေအနေဆန်းစစ်ခြင်း (Participatory Rural Appraisal-PRA) ကို အသုံးပြု၍ ကျေးရွာ၏ အခြေခံအချက်အလက်များဖြစ်သော လူဦးရေ၊ လုပ်သား၊ သဘာဝ အရင်းအမြစ်၊ ထိခိုက်လွယ်မှုများ ကောက်ယူခြင်း၊

(ခ) အဆင့်(၂)။ ထိုသို့ ကောက်ယူရရှိလာသော အချက်အလက်များနှင့် လေ့လာတွေ့ရှိချက်များကို ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများတွင် မှန်ကန်စွာ ဖြည့်သွင်းခြင်း၊ ၎င်းအချက်အလက်များအပေါ်အခြေခံပြီး ကျေးရွာ၏လက်ရှိကဏ္ဍအသီးသီးရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာအခြေအနေများကို လေ့လာဆန်းစစ်ခြင်း၊ ထိုမှတဆင့်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာရေးဆွဲသုံးသပ်ပြီး အလားအလာရှိသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲဖော်ထုတ်ခြင်း။

၁၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ဝေသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲစာအုပ်ပါအတိုင်း ဆောင်ရွက်ရမည်။

## အဆင့်ခွဲ (၃) - ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်၍ ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း

### ကျေးရွာအချက်အလက်များ ရှင်းလင်းတင်ပြခြင်း

၁၉။ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ရရှိလာပြီးနောက် ဒုတိယအကြိမ်ကျေးရွာလုံးကျွတ်အစည်းအဝေးအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးဆောင်၍ကျင်းပပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေး

တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အရ ရရှိခဲ့သောအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို ကျေးရွာသူ/သားများထံသို့ ချပြရှင်းလင်းရမည် ဖြစ်သည်။

၂၀။ ထိုကဲ့သို့ကျေးရွာ၏အသက်မွေးဝမ်းကျောင်းဆိုင်ရာအချက်အလက်များရှင်းလင်းဆွေးနွေးပြီးနောက်၎င်းအစည်းအဝေးတွင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်သည်။

**ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း (ကျေးရွာလုပ်ငန်းအဖွဲ့)**

၂၁။ ကျေးရွာလုပ်ငန်းအဖွဲ့အား အဖွဲ့ဝင်(၅)ဦး မဂဏန်းဖြင့်ဖွဲ့စည်းရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ (၁)ဖွဲ့စီမှ ကိုယ်စားလှယ် (၁)ဦးစီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ်(၁)ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါသည်။ သမဝါယမအသင်းအဖွဲ့ပုံစံဖြင့် ဆောင်ရွက်ပါက ယင်းသမအသင်းအဖွဲ့မှ ကိုယ်စားလှယ် (၃)ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ် (၂) ဦးဖြင့်ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်ရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကိုယ်စားလှယ် | (၁)ဦး | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် | (၁)ဦး | ဘဏ္ဍာရေးမှူး |
| (ဂ) | ကိုယ်စားလှယ် | (၂)ဦး | အဖွဲ့ဝင်များ |
| (ဃ) | ကိုယ်စားလှယ် | (၁)ဦး | အတွင်းရေးမှူး |

၂၂။ စီမံကိန်းရန်ပုံငွေကျပ် (၃၀၀) သိန်းအောက်လျော့နည်းသော ကျေးရွာများအတွက် ကျေးရွာလုပ်ငန်းအဖွဲ့ကိုကျေးရွာတိုင်းတွင်ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ် (၂) ဦးနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ် (၃)ဦးဖြင့် ဖွဲ့စည်းရမည်။

၂၃။ ကျေးရွာလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်အားလုံးကို အများသဘောတူညီဖြင့် ရွေးချယ်ရပါမည်။ ကျေးရွာလုပ်ငန်းအဖွဲ့ရွေးချယ်ရာတွင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားပြီး အချိန်ပေးနိုင်သူ၊ ကျေးရွာတွင် အခြေတကျနေထိုင်သူ၊ အသက် (၁၈)နှစ်ပြည့်ပြီးသူ၊ ကျေးရွာလူထုက ယုံကြည်အားထားသူများကို ပါဝင်ဖွဲ့စည်းရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်များ ရွေးချယ်ပြီးပါက ကျေးရွာလူထုထံ အသိပေးကြေ်ငြာထားရမည်။

**မှတ်ချက်။** ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များသည် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းရမည်ဖြစ်၍ ယင်းအဖွဲ့များစုဖွဲ့ခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဦးစွာဆောင်ရွက်နိုင်ပါသည်။ သို့မဟုတ် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ကို တပြိုင်နက်တည်းဖွဲ့စည်းနိုင်သည်။

၂၄။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းများအား တာဝန်ယူ ဆောင်ရွက်ပေးရမည် ဖြစ်သည် -

(က) ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်နွယ်သောလုပ်ငန်းများအတွက် စုစည်းရာတွင်ကူညီခြင်း၊ (အစည်းအဝေးများ၊ အချက်အလက်များ ကောက်ယူခြင်းနှင့် ကွဲပြားခြားနားသော အုပ်စုများအကြား အုပ်စုဖွဲ့ဆွေးနွေးခြင်း (ဥပမာ - သက်ကြီးရွယ်အို၊ လူငယ်၊ လူနည်းစုအုပ်စု၊ အမျိုးသမီးနှင့် အခြားစီမံကိန်းမှ ကော်မတီအဖွဲ့ဝင်များ စသည်ဖြင့်)

(ခ) စိတ်ပါဝင်စားသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့အတွက် အဆိုပြုလွှာပုံစံများ ထုတ်ပေးခြင်းနှင့် ကူညီပြင်ဆင်ပေးခြင်း၊

(ဂ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာများ ပဏာမစိစစ်ခြင်းနှင့် မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ထံ စုစည်းတင်ပြခြင်း၊

(ဃ) မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား ရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူ စာချုပ်ချုပ်ဆိုခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အောင်မြင်သော အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြား ချေးငွေသဘောတူ စာချုပ်ချုပ်ဆိုခြင်း၊

(င) သက်ဆိုင်ရာမြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ကျေးရွာကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ စာရင်းရှင်တစ်ခု ဖွင့်လှစ်ခြင်း၊

(စ) ရန်ပုံငွေများအား ဘဏ်မှထုတ်ယူခြင်း၊ ချေးငွေနှင့်အတိုးငွေများ ဘဏ်သို့ပေးသွင်းခြင်းတို့တွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ ကျေးရွာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး ယင်းတို့(၃)ဦး အနက်(၂)ဦးမှ လက်မှတ်ရေးထိုးပေးခြင်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့သွားရောက်၍ ငွေသွင်း/ငွေထုတ် ကိစ္စရပ် များဆောင်ရွက်ခြင်း၊

(ဆ) အောင်မြင်သော အသက်မွေးဝမ်းကျောင်းအဖွဲ့များအား အဆိုပြုလွှာပါ ချေးငွေထုတ်ယူမည့်ကာလဖော်ပြချက်အတိုင်း ငွေသား (သို့မဟုတ်) ချက်လက်မှတ် သို့မဟုတ် Digital Payment ဖြင့် ထုတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသုံးစရိတ်များ စာရင်းပြုစုခြင်းနှင့် ပြည့်စုံစွာ ထိန်းသိမ်းထားရှိခြင်း၊ စာရင်းစစ်ဆေးမှုခံယူခြင်း၊

(ဇ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပြန်လည်ပေးသွင်းလာသည့် အရင်းနှင့် အတိုးငွေများအား လက်ခံခြင်းနှင့် ရန်ပုံငွေများကို တတ်နိုင်သမျှ လက်ဝယ်ကိုင်ဆောင်မှုမရှိပဲ ဘဏ်သို့အချိန်မီ ပေးသွင်းခြင်း၊

(ဈ) အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ နောက်တစ်ကြိမ်စီမံကိန်း ပြန်လည် စတင်နိုင်ရန် မတည်အရင်းငွေ (ချေးငွေ)အား သတ်မှတ်ကာလအတိုင်း အချိန်မီပြန်လည်ထုတ်ချေးပေးခြင်းနှင့် တိုးပွားလာသောအတိုးငွေများအား နောက်စက်ဝန်းတွင် ထပ်ပေါင်းရင်းနှီးလိုပါက ချေးငွေအဖြစ် ပြန်လည်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ည) စီမံကိန်းစက်ဝန်းတစ်ခုဆောင်ရွက်ပြီးနောက် နောက်တစ်ကြိမ်စီမံကိန်းစက်ဝန်းပြန်လည်စတင်နိုင်ရန်အတွက် ချေးငွေပြန်လည်ထုတ်ချေးတိုင်း ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြား စာချုပ်ချုပ်ဆိုခြင်း၊

(ဋ) စီမံကိန်းရန်ပုံငွေကို သော့(၃) လုံးပါရှိသည့် ငွေသေတ္တာတွင် လုံခြုံစွာ ထိန်းသိမ်းခြင်း၊ ငွေစာရင်းစာအုပ်များ၊ ဘဏ်လက်ကျန်ရှင်းတမ်းများနှင့် ငွေသွင်းချလံများ၊ အသုံးစရိတ် ပြေစာဘောင်ချာများ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(ဌ) ငွေသေတ္တာအား ဘဏ္ဍာရေးမှူးနေအိမ်တွင် လုံခြုံစွာထားရှိပြီး ငွေသေတ္တာတွင် အသုံးပြုသည့် သော့(၃) လုံးနှင့် သက်ဆိုင်သည့် သော့တွဲများအား ကျေးရွာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်(၁) ဦးတို့ထံတွင် ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ဘဏ်မှထုတ်ယူထားသော ရန်ပုံငွေနှင့် ဘဏ်သို့ပေးသွင်းရန်ရှိသည့် ရန်ပုံငွေများအား လက်ဝယ်တွင် ယာယီထိန်းသိမ်းထားရှိစဉ် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အဓိကတာဝန်ယူထိန်းသိမ်းခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေသေတ္တာတွင် ထိန်းသိမ်းထားရှိရန် အလေးထားဆောင်ရွက်ခြင်း၊

(ဃ) အမှန်တကယ်လိုအပ်သည့် ကျေးရွာလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်မှုအသုံးစရိတ်များကို သတ်မှတ်အသုံးစရိတ်ခွင့်ပြုချက်အတွင်းမှ စည်းမျဉ်း၊စည်းကမ်းနှင့်အညီ ထုတ်ယူသုံးစွဲခြင်းနှင့် လစဉ်အသုံးစရိတ်ပြေစာဘောင်ချာများအား စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(ဏ) အသက်မွေးဝမ်းကျောင်းအဖွဲ့များအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးရာတွင် မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့နှင့် ပူးပေါင်း၍ လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(တ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ အရည်အသွေးအာမခံမှု ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် ကူညီပေးခြင်း၊

(ထ) အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ ချေးငွေအသုံးပြုမှုများနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံစာများအားစိစစ်ခြင်း၊

(ဒ) ရာထူးတာဝန်ပြောင်းလဲထမ်းဆောင်ခြင်း၊ နှုတ်ထွက်ခြင်း၊ သေဆုံးခြင်း၊ ဒေသပြောင်းရွှေ့ခြင်း၊ အပြစ်ပေးခံရခြင်းတို့ကြောင့် လစ်လပ်သွားသော အဖွဲ့ဝင်နေရာများတွင် အစားထိုးရွေးကောက်တင်မြှောက်နိုင်ရန် မြို့နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြ၍ ပြန်လည်ဖွဲ့စည်းခြင်း၊

(ဓ) အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်နှုတ်ထွက်အစားထိုးရာတွင် နှုတ်ထွက်သွားသော အဖွဲ့ဝင်သည် အဖွဲ့ကိုယ်စားတာဝန်ခံ၍ စာချုပ်၏ ငွေချေးသူနေရာတွင် လက်မှတ်ထိုးထားသူဖြစ်ပါက စာချုပ်အားအသစ်ပြန်လည်ချုပ်ဆိုရမည်။ ထိုသို့ချုပ်ဆိုရာတွင် မူလစာချုပ်သက်တမ်းပါ ကျန်ရှိသည့်သက်တမ်းကာလနှင့်ချိန်ညှိ၍ ပြင်ဆင်ချုပ်ဆိုခြင်း၊

(န) အသက်မွေးဝမ်းကျောင်းအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းသည့် အကြိမ်တိုင်း ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြား ချုပ်ဆိုသည့် ချေးငွေသဘောတူစာချုပ်အား အသစ်ပြန်လည်ချုပ်ဆိုရမည်။

(ပ) ဘေးအန္တရာယ်ကျရောက်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းကောက်ယူခြင်း၊ မြို့နယ်လုပ်ငန်းအဖွဲ့သို့တင်ပြခြင်း၊

(ဖ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးပါက လုပ်ငန်းပြီးစီးမှုအစီရင်ခံစာနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအသုံးစရိတ်စာရင်းကို မြို့နယ်လုပ်ငန်းအဖွဲ့သို့တင်ပြခြင်း၊

(ဗ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ချေးငွေနှင့် အတိုးငွေများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် ငွေကြေး မသမာမှုများပြုလုပ်ပါက ကျေးရွာလုပ်ငန်းအဖွဲ့မှ ဦးဆောင်၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဘ) စီမံကိန်းကျေးရွာပြောင်းလဲဆောင်ရွက်ရန် မြို့နယ်လုပ်ငန်းအဖွဲ့မှ အကြောင်းကြားလာပါက မူလမတည်ရန်ပုံငွေ ကျပ်သန်း(၃၀)အား မြို့နယ်ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ စာရင်းရှင်သို့ ပြန်လည်ပေးသွင်းခြင်း။

၂၅။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းပြီးကောက်ယူရရှိလာသော အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များ အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် (Participatory Livelihood Assessment –PLA)နှင့် အောက်ပါအချက်များအတိုင်း စိစစ်ရမည် ဖြစ်သည် -

(က) အတွင်းပတ်ဝန်းကျင် ခွဲခြမ်းစိတ်ဖြာခြင်း - အရင်းအမြစ်အလုံအလောက်ရှိမှု၊

(ခ) အပြင်ပတ်ဝန်းကျင် ခွဲခြမ်းစိတ်ဖြာခြင်း - ဈေးကွက်၊ ဘဏ္ဍာရေး၊ မူဝါဒများနှင့် စည်းမျဉ်းများ၊

(ဂ) အခွင့်အလမ်းနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေရှိမှု။

**မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၂၆။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်တွင် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ကျေးရွာအသက်မွေးဝမ်းကျောင်းအဖွဲ့များကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့(မြို့နယ်လုပ်ငန်းအဖွဲ့) ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ မြို့နယ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် မြို့နယ်အဆင့်တွင် ဖွဲ့စည်းပြီးဖြစ်သော မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ကို အသုံးပြုနိုင်သည်။

၂၇။ ထိုသို့ မြို့နယ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဦးစီးဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုသရေး၊ ငါးလုပ်ငန်း၊ သမဝါယမ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းနှင့် ကျေးလက်ဦးစီးဌာနတို့အပြင် အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးကိုလည်း ထည့်သွင်းဖွဲ့စည်းရမည်။ မြို့နယ်လုပ်ငန်းအဖွဲ့သည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည် -

(က) ကျေးရွာလုပ်ငန်းအဖွဲ့နှင့်ပူးပေါင်း၍ ကောက်ယူရရှိလာသော အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်ပြုလုပ်ခြင်း၊

(ခ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာများအား နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်ခြင်း၊

(ဂ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာ၏ ဘဏ္ဍာရေးအစီအစဉ်တွင် သွင်းအားစုများ ဝယ်ယူခြင်းတွက်ချက်မှုများသည် (ဥပမာ- ဝက်သားပေါက်၊ ဝက်စာ၊ လုပ်သားငှားရမ်းခနှင့် အရေအတွက်စသည်) ဒေသပေါက်ဈေးနှုန်းနှင့်ကိုက်ညီမှုရှိ/မရှိ သေချာစွာစစ်ဆေး၍ အတည်ပြုချက်ပေးခြင်း၊

(ဃ) အဆိုပြုလွှာများအား နည်းပညာဆိုင်ရာ အကြံပြုချက်ပေးခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက် လိုအပ်သော နည်းပညာသင်တန်းပေးခြင်း၊

(င) ကျေးရွာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်း၊ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း၊ အစားထိုးရွေးချယ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းဖွဲ့စည်း သတ်မှတ်မှုများကို ရုံးအမိန့်ဖြင့် ထုတ်ပြန်ခြင်း၊

(စ) မြန်မာ့စီးပွားရေးဘဏ်တွင် သက်ဆိုင်ရာ မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့အမည်ဖြင့် စီမံကိန်းငွေစာရင်းရှင်ဖွင့်လှစ်ခြင်း၊

(ဆ) မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား ရန်ပုံငွေလွှဲပြောင်းခြင်းသဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့်ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြားချေးငွေသဘောတူစာချုပ်ချုပ်ဆိုရာတွင် အသိသက်သေအနေဖြင့် လက်မှတ်ရေးထိုးပေးခြင်း၊

(ဇ) ကျေးရွာလုပ်ငန်းအဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းသည့် အကြိမ်တိုင်း မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့ ချုပ်ဆိုသည့် ရန်ပုံငွေလွှဲပြောင်းခြင်းသဘောတူစာချုပ် အား အသစ်ပြန်လည်ချုပ်ဆိုခြင်း၊

(ဈ) ကျေးရွာလုပ်ငန်းအဖွဲ့ ငွေစာရင်းသို့ ထောက်ပံ့ရန်ပုံငွေများ လွှဲပြောင်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ စာရင်းပြုစုခြင်း၊

(ည) အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ ချေးငွေအသုံးပြုမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်ကြီးကြပ် ကူညီပေးခြင်း၊

(ဋ) အသက်မွေးဝမ်းကျောင်းအဖွဲ့များ ဈေးကွက်ချိတ်ဆက်ရာတွင် ကူညီပေးခြင်း၊

(ဌ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးပို့လာသော အစီရင်ခံစာများအား စိစစ်၍ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနမှတစ်ဆင့် ကျေးလက်ဦးစီးဌာန (ရုံးချုပ်)သို့ လစဉ်အစီရင်ခံစာနှင့် စီမံကိန်းစက်ဝန်းတစ်ခုပြီးနောက်တင်ပြရမည့် အစီရင်ခံစာများအား ပုံမှန်တင်ပြခြင်း၊

(ဍ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြန်လည်သုံးသပ်နိုင်ရန် ကျေးရွာလုပ်ငန်းအဖွဲ့၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးပုံမှန်ကျင်းပခြင်း၊

(ဎ) မြို့နယ်အဆင့် စီမံကိန်းဆောင်ရွက်မှုဆန်းစစ်သုံးသပ်ပွဲ ကျင်းပခြင်း၊

(ဏ) အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာများက ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်မှုကော်မတီထံ စိစစ်တင်ပြခြင်း၊

(တ) ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ကျေးရွာများ၏ ရန်ပုံငွေလည်ပတ်မှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ လုပ်ငန်းပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး တင်ပြခြင်း၊

(ထ) အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အရင်းအတိုးငွေများ ပေးဆပ်ရန် ပျက်ကွက်မှုအတွက် ကျေးရွာလုပ်ငန်းအဖွဲ့မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် တရားစွဲဆိုသည့် ကုန်ကျစရိတ်များကို အုပ်ချုပ်မှုအသုံးစရိတ်မှ ကျခံသုံးစွဲခွင့်

ပြုခြင်း၊ လုံလောက်မှုမရှိပါက ကုန်ကျစရိတ်ကျချခံ သုံးစွဲနိုင်မည့် အစီအမံများကို ဆက်လက်တင်ပြဆောင်ရွက်ခြင်း၊

(ဒ) အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးသွင်းသော ချေးငွေနှင့် အတိုးငွေများအား ကျေးရွာလုပ်ငန်း အဖွဲ့မှ သတ်မှတ်ကာလအတွင်း ဘဏ်စာရင်းရှင်သို့ ပေးသွင်းရန် ပျက်ကွက်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် ငွေကြေး မသမာမှုများပြုလုပ်ပါက မြို့နယ် လုပ်ငန်းအဖွဲ့မှ ဦးဆောင်၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

## အဆင့်ခွဲ (၄) - လက်ရှိစီးပွားရေးဆောင်ရွက်နေသူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း

၂၈။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ တွေ့ကြုံရမည့်အခက်အခဲနှင့် သတိပြုဆောင်ရွက်ရမည့် အချက်များကို ကြိုတင်သိရှိနိုင်ရန်အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးရွာနှင့် ယင်းအနီးပတ်ဝန်းကျင်ကျေးရွာများရှိ လက်ရှိ စီးပွားရေးဆောင်ရွက်နေသူများနှင့် မဖြစ်မနေ ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ အကြံဉာဏ်ကို မပျက်မကွက်ရယူရပါမည်။ ထိုသို့ တိုင်ပင် ဆွေးနွေးရာတွင် ၎င်းတို့ ဆောင်ရွက်နေသော လုပ်ငန်းများ၏ လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများ၊ အကျိုးအမြတ်ရရှိမှုများ၊ ဈေးကွက်အခြေအနေများ၊ လက်ရှိ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုအခြေအနေများ၊ ငွေကြေးနှင့် အရင်းအနှီး လိုအပ်မှုအခြေအနေများ၊ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုအခြေအနေများကို မေးမြန်းဆွေးနွေးရမည်ဖြစ်သည်။ ထိုမှသာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များ ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ သတိပြုရှောင်ကြဉ်ရမည့် ကိစ္စရပ်များကို သိရှိပြီး လက်တွေ့ကျသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## အဆင့် (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း

## အဆင့်ခွဲ (၅) - အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မည့် အုပ်စုများဖွဲ့စည်းခြင်း

၂၉။ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်နိုင်စေရန် အသက်မွေးဝမ်းကျောင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ အသက်မွေးဝမ်းကျောင်း အဖွဲ့ (၁)ဖွဲ့စီတွင် အနည်းဆုံး အိမ်ထောင်စု (၅)စုမှ

အများဆုံးအိမ်ထောင်စု (၁၅)စုအထိ ပါဝင်သော စိတ်တူကိုယ်တူ အသက်မွေးဝမ်းကျောင်း အဖွဲ့များ (Livelihood Group – LG)များ ဖွဲ့စည်းရမည်ဖြစ်သည်။

၃၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ရင်းနှီးငွေများ လက်လှမ်းမီစေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပိုမိုအားကောင်းလာစေရန်၊ ဖန်တီးဖော်ထုတ်နိုင်စေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်တို့ ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့ဝင်များအနေဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်အချင်းချင်း အားပေးကူညီနိုင်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာ နည်းစနစ်များအား ပိုမိုထိရောက်စွာအသုံးချနိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်တို့ ဖြစ်ပါသည်။

၃၁။ အသက်မွေးဝမ်းကျောင်းဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်များရွေးချယ်ခြင်း၊ အဖွဲ့ဝင်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လုပ်ငန်းစဉ်တိုင်းတွင် အဖွဲ့ဝင်အားလုံး၏ တရားဝင်သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များရွေးချယ်ခြင်းတို့ ပါဝင်မည် ဖြစ်သည်။

၃၂။ ယင်းအသက်မွေးဝမ်းကျောင်းအဖွဲ့တွင် ပါဝင်မည့်သူများအနေဖြင့် အိမ်ထောင်စု(၁)စုလျှင် ဇနီးနှင့်ခင်ပွန်းနှစ်ဦးစလုံးကို အဖွဲ့ဝင်အဖြစ်မှတ်ပုံတင်ရမည်။ သို့ရာတွင် ဇနီးနှင့်ခင်ပွန်း(၂)ဦး အနက်(၁)ဦးကိုသာ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။ အိမ်ထောင်မရှိသူဖြစ်ပါက အသက် (၁၈) နှစ်ပြည့်ပြီးသော ဆွေမျိုးအနီးစပ်ဆုံး(၁)ဦးအား အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့အဖြစ် ရွေးချယ်ရာတွင် အခြေခံရမည့်အချက်များမှာ အောက် ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့ဖြင့်ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်သူ၊ အမှန်တကယ် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ခ) ကျေးရွာတွင် အနည်းဆုံး(၁)နှစ် အခြေချနေထိုင်သူဖြစ်ပြီး ရေရှည်တွင်လည်း ဆက်လက်နေထိုင်သူ ဖြစ်ရမည်၊

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သတင်းအချက်အလက်နှင့်ဆက်စပ်သော လူမှု-စီးပွား အချက်အလက်များကို ပံ့ပိုးပေးရန် ဆန္ဒရှိသူ ဖြစ်ရမည်၊

(ဃ) အစည်းအဝေးများ၊ သင်တန်းများသို့ ပုံမှန်တက်ရောက်နိုင်သူ ဖြစ်ရမည်၊

(င) ၎င်းတို့ရွေးချယ်ထားသည့် လုပ်ငန်းနှင့်ပတ်သက်၍ အခြေခံဗဟုသုတရှိသူဖြစ်ရမည်၊

(စ) မိမိအဖွဲ့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခြားလိုအပ်သောတာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃၃။ အသက်မွေးဝမ်းကျောင်းအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့(၁)ဖွဲ့လျှင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့်သူတို့ ပါဝင်ဖွဲ့စည်းရမည် ဖြစ်သည် -

(က) ဈေးကွက်ရှာဖွေရေးအဖွဲ့/တာဝန်ခံ(သွင်းအားစုဝယ်ယူမှုနှင့် ထုတ်ကုန်ရောင်းချရန်ရှာဖွေသူ)၊

(ခ) ထုတ်လုပ်မှုတာဝန်ခံဆောင်ရွက်ရေးအဖွဲ့/ တာဝန်ခံ၊

(ဂ) ဘဏ္ဍာရေးတာဝန်ခံနှင့်

(ဃ) အုပ်ချုပ်မှုဆိုင်ရာ ကူညီပံ့ပိုးရေးအဖွဲ့/ တာဝန်ခံ။

၃၄။ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မိမိလုပ်ငန်းအဖွဲ့ဆောင်ရွက်လိုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆိုပြုလွှာရေးသားပြင်ဆင်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့မှတဆင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ တင်ပြလျှောက်ထားခြင်း၊

(ခ) မိမိလုပ်ငန်းအဖွဲ့နှင့်သက်ဆိုင်သော လိုအပ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊

(ဂ) ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြား ချေးငွေပြန်လည်ထုတ်ချေးတိုင်း ချေးငွေသဘောတူစာချုပ်ချုပ်ဆိုခြင်း၊

(ဃ) လုပ်ငန်းလည်ပတ်မှုဆိုင်ရာအသုံးစရိတ်များအား စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း၊

(င) စီမံကိန်းစက်ဝန်းတစ်ခုပြီးတိုင်း အတိုးနှင့်အရင်းအား ကျေးရွာလုပ်ငန်းအဖွဲ့သို့ပြန်လည်ပေးသွင်းခြင်း၊ ကျွဲ၊ နွား၊ နွားနောက် မွေးမြူခြင်း၊ ကော်ဖီ၊ ရာဘာနှင့်ဝဥကဲ့သို့သော နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းဖြစ်ပါက တစ်နှစ်လျှင်တစ်ကြိမ် ကျသင့်ငွေအတိုးအား ကျေးရွာလုပ်ငန်းအဖွဲ့ထံ ပြန်လည်ပေးသွင်းခြင်း၊

(စ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်မှုအစီရင်ခံစာ ပြုစု၍ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ လစဉ်အစီရင်ခံတင်ပြခြင်း၊

(ဆ) စီမံကိန်းစက်ဝန်းတစ်ခု ဆောင်ရွက်ပြီးစီးပြီးနောက် **ရက်ပေါင်း(၃၀) အတွင်း** အသက်မွေးဝမ်းကျောင်းအဖွဲ့၏လုပ်ငန်းပြီးစီးမှုအစီရင်ခံစာနှင့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းတို့ကိုပြုစု၍ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ အစီရင်ခံတင်ပြခြင်း၊

(ဇ) ဝယ်ယူသူများနှင့် သက်ဆိုင်သောလိပ်စာများ၊ ဆက်သွယ်ရမည့် အချက်အလက်များကို စုစည်းချိတ်ဆက်ထားခြင်း၊

(ဈ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများထုတ်လုပ်မှု (သို့မဟုတ်) နည်းပညာပိုင်း ဆိုင်ရာကိစ္စများတွင် ဖြေရှင်းခြင်း၊

(ည) နည်းပညာအထောက်အပံ့များ(သို့မဟုတ်) ပံ့ပိုးမှုများပြုလုပ်ပေးနိုင်သည့် အဖွဲ့အစည်း (သို့မဟုတ်) တစ်ဦးချင်း၏ အမည်စာရင်းများ စာရင်းပြုစုထားရှိခြင်း၊

(ဋ) မိမိအသက်မွေးဝမ်းကျောင်းအဖွဲ့၏ ထုတ်လုပ်မှုအရည်အသွေး၊ အရေအတွက်နှင့် အစီ အစဉ်တို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး အမြဲမပြတ်စီစဉ်ဆောင်ရွက်ခြင်း၊

(ဌ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ပံ့ပိုးပေးသည့် ပစ္စည်းပေးသွင်းသူများအား ငွေပေးချေရေးကိစ္စများနှင့် အခြားကိစ္စရပ်များအတွက်စာရင်းပြုစုခြင်း၊

(ဍ) အကယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းများတွင် RBF စီမံကိန်းရန်ပုံငွေဖြင့်ပါဝင်ဆောင်ရွက်ရပါက မျိုး၊ မျိုးစေ့နှင့် သွင်းအားစုဝယ်ယူခြင်း၊ ထုတ်ကုန်များပြန်လည်ရောင်းချခြင်းကို ယင်းစီမံကိန်းမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်းဆောင်ရွက်ရမည်။

**အဆင့်ခွဲ (၆) - စီးပွားရေးအဆိုပြုလွှာရေးသားနည်းသင်ကြားပေးခြင်း**

၃၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များ၊ စည်းကမ်းချက်များနှင့် ရန်ပုံငွေဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စီမံကိန်းစတင်သည့်အချိန်မှစ၍ ပြီးဆုံးသည်အထိ လို

အပ်သည့် သင်တန်းများကို မြို့နယ်လုပ်ငန်းအဖွဲ့မှ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့က ဦးစီး၍ အသက်မွေးဝမ်းကျောင်းအဖွဲ့များသို့ လုပ်ငန်းအဆိုပြုလွှာ ရေးသားနည်းသင်တန်းကို လေ့ကျင့်သင်ကြားပို့ချရမည်ဖြစ်သည်။ သင်တန်းပို့ချရာတွင် နယ်မြေအခြေအနေအရ မြို့နယ်တွင်လည်းကောင်း၊ ကျေးရွာများသို့ ကွင်းဆင်း၍ လည်းကောင်း၊ online စနစ်ဖြင့်လည်းကောင်း သင်ကြားပို့ချနိုင်ပါသည်။

**အဆင့်ခွဲ (၇) - အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များမှ အဆိုပြုလွှာရေးသားခြင်း**

၃၆။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ဆောင်ရွက်လိုသည့်လုပ်ငန်းများအတွက် ကျေးလက်စီးပွားရန်ပုံငွေအသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆိုပြုလွှာကိုရေးသားပြင်ဆင်ပြီး ကျေးရွာလုပ်ငန်းအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။

၃၇။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ရေးသားထားသော အဆိုပြုလွှာကို ကျေးရွာလုပ်ငန်းအဖွဲ့က ပဏာမစိစစ်၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံ တင်ပြသွားရမည်ဖြစ်ပါသည်။ မြို့နယ်လုပ်ငန်းအဖွဲ့သည် တင်ပြလာသော အဆိုပြုလွှာများကို အကဲဖြတ်ဆန်းစစ်ချက်ပုံစံဖြင့်သုံးသပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့နှင့် ၎င်း၏အဖွဲ့ဝင်များကို ပံ့ပိုးပေးမည့် သင်တန်း၊ နည်းပညာသွင်းအားစုနှင့် တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်းများ ဆုံးဖြတ်ပေးခြင်း စသည်တို့ ဆောင်ရွက်ရမည်ဖြစ်သည်။

၃၈။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆိုပြုလွှာရေးသားရာတွင် အပိုင်း (၂)ပိုင်းပါဝင်ပြီး အပိုင်း(က)တွင် အချက်အလက်များ ခွဲခြားသတ်မှတ်ခြင်းနှင့် အပိုင်း(ခ)တွင် စီးပွားရေးဆိုင်ရာ အယူအဆတို့ ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များက ယင်းအဆိုပြုလွှာရေးသားရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့က အပိုင်း(၂)ပိုင်းစလုံးတွင် ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။ ကျေးရွာကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ထံတင်ပြရာတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် အဆိုပြုတင်ပြခြင်းနှင့် လက်ခံရယူထားခြင်းတို့အတွက် အဆိုပြုလွှာအားအနည်းဆုံးမိတ္တူ(၂)စုံထားရှိရမည်ဖြစ်သည်။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထောက်ပံ့ငွေအသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆိုပြုလွှာပုံစံအား **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

## အပိုင်း (က) အချက်အလက်များခွဲခြားသတ်မှတ်ခြင်း

၃၉။ ဤအပိုင်းတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့များက မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာအမည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့အမည်နှင့် ဆောင်ရွက်မည့်လုပ်ငန်းတို့ကို ထည့်သွင်းရေးသားရမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့အမည် ထည့်သွင်းရာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် အဖွဲ့ဝင်အားလုံး စိတ်တူကိုယ်တူနှင့် သဘောတူညီချက်ရရှိထားသော အဖွဲ့အမည်ကို ရွေးချယ်ရမည်ဖြစ်သည်။ ကျေးရွာတစ်ရွာတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့များ တစ်ခုနှင့်တစ်ခုအမည် မတူညီအောင် အဖွဲ့အမည်ပေးရမည် ဖြစ်သည်။ ဆောင်ရွက်မည့် လုပ်ငန်းကို ဖြည့်သွင်းရာတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ တိတိကျကျ အသေးစိတ်ဖြည့်သွင်းရေးသားရန် လိုအပ်မည် ဖြစ်ပါသည် (ဥပမာ - အသားတိုးဝက်မွေးမြူရေး၊ ဝက်သားပေါက်ဖြန့်ဖြူးရေးစသည်ဖြင့်၊ တိုင်းရင်းကြက်မွေးမြူရေး၊ CP ကြက်မွေးမြူရေးစသည်ဖြင့်၊ စိုက်ပျိုးရေးကိုလည်း စိုက်ပျိုးမည့် သီးနှံအမျိုးအမည်စသည့်)။

၄၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်အမည်စာရင်းများ ဖြည့်သွင်းရာတွင် ဆောင်ရွက်မည့်အိမ်ထောင်စုရှိ ခင်ပွန်းနှင့် ဇနီး (၂)ဦးစလုံးကို အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ရမည်။ ယင်း(၂) ဦးအနက်မှ (၁) ဦး၏အမည်အား အဓိကကိုယ်စားလှယ်အဖြစ်ဖော်ပြရမည်။

## အပိုင်း (ခ) စီးပွားရေးဆိုင်ရာအယူအဆ

၄၁။ ဤအပိုင်းတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့များက မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဖော်ပြရမည့် အဓိကအပိုင်းဖြစ်ပြီး ၎င်းတို့ထုတ်လုပ်မည့် ထုတ်ကုန်၏ အမျိုးအစားနှင့် ရည်ရွယ်ချက်ကို တိကျစွာထည့်သွင်း ရေးသားရမည်ဖြစ်သည်။ ထို့နောက် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ လုပ်ငန်းများဆောင်ရွက်မည့် ဈေးကွက်အစီအစဉ်၊ ထုတ်လုပ်မှုအစီအစဉ်၊ အဖွဲ့အစည်းဆိုင်ရာအစီအစဉ်၊ ဘဏ္ဍာရေးအစီအစဉ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအစီအမံတို့ ပါဝင်ပါသည်။

၄၂။ **ဈေးကွက်အစီအစဉ်**သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ စိုက်ပျိုး မွေးမြူ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဈေးကွက်အတွင်း ရောင်းချသူ၊ ဝယ်ယူသူနှင့် သုံးစွဲသူတို့အကြား ချိတ်ဆက်မှု သေချာစေရန် ရည်ရွယ်၍ ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါသည်။ ၎င်းဈေးကွက်အစီအစဉ်တွင် အဆိုပြုလွှာပါ အချက်များဖြည့်သွင်းရာ၌ အောက်ပါအချက်များပါဝင်အောင် ရေးသားဖော်ပြရမည် ဖြစ်ပါသည် -

(က) မိမိတို့၏လုပ်ငန်းအတွက် သွင်းအားစုများ ဝယ်ယူရရှိနိုင်မည့်နေရာ/အချိန်တို့ အား ကြိုတင် စုံစမ်းထားမှုနှင့် ထုတ်ကုန်များကို မည်သို့ရောင်းချနိုင်မည်/ မည့်သည့် အချိန်နှင့်မည်သည့်နေရာသို့ရောင်းချမည်ကိုသေချာအောင်စီစဉ်ဆောင်ရွက်ထားမှု၊

(ခ) ထုတ်ကုန်များ ထွက်ရှိလာပါက ဝယ်ယူမည့်သူက အမှန်တကယ် ဝယ်ယူနိုင်မည့် အခြေအနေကို သိရှိနိုင်ရေးကြိုတင်စုံစမ်းထားမှု၊ (ဥပမာ - ကုန်ပစ္စည်းထုတ်လုပ် ရောင်းချမှုများ များစွာဖြစ်ပေါ်လာပြီး ရောင်းချမည့်နေရာအလုံအလောက်မရှိခြင်း ကြောင့် ဈေးကွက်စနစ်ပျက်ယွင်းခြင်း (Market Failure) မဖြစ်ပေါ် စေရေး)

(ဂ) ထုတ်ကုန်ရောင်းချရမည့်နေရာနှင့် ဝယ်လိုအား အလုံအလောက်မရရှိပါက အခြား ဈေးကွက်တစ်ခုသို့ ချိတ်ဆက်ထားမှု၊

(ဃ) ဈေးကွက်သို့မတင်ပို့မီ သိုလှောင်သိမ်းဆည်း၊ ထုတ်ပိုးမှုစီစဉ်ဆောင်ရွက်ထားမှု၊

(င) မိမိထုတ်ကုန်၏ သတင်းအချက်အလက်များအား စားသုံးသူများသိရှိစေရန် နှင့် ဈေးကွက်ထိုးဖောက်ရေး ကြော်ငြာဆောင်ရွက်မည့်အစီအစဉ်၊

(စ) ဈေးကွက်ထိုးဖောက်နိုင်သည့် အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ် လုပ်နိုင်ရေး ဆောင်ရွက်ထားမှု၊

(ဆ) မိမိထုတ်ကုန်၏ ခန့်မှန်း ထုတ်လုပ်မှုပမာဏကို ကြိုတင်တွက်ချက်ထားမှု၊

(ဇ) မိမိထုတ်ကုန်၏ လက်ရှိပေါက်ဈေးအခြေအနေ၊ ရောင်းချမည့်အချိန်၌ ဖြစ်ပေါ်လာ မည့် ထုတ်လုပ်မှုကုန်ကျစရိတ်၊ ရရှိမည့်ဈေးနှင့် အကျိုးအမြတ်တွက်ချက်မှုများကို ခန့်မှန်းတွက်ချက်မှု၊

(ဈ) ဈေးကွက်အတွင်းအဓိက ပြိုင်ဘက်များ၏အခြေအနေနှင့် ရေရှည်တိုးတက်အောင် ဆောင်ရွက်မည့်အစီအစဉ်၊

၄၃။ **ထုတ်လုပ်မှုအစီအစဉ်**သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များအား ကုန်ကြမ်းအဆင့်မှ ကုန်ချောဖြစ်သည်အထိ အရည်အသွေး၊ အဆင့်အတန်း ပြည့်မီစွာ ထုတ်ကုန်ထုတ်လုပ်နိုင်စေ ရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ် လာမည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်သည့် အစီအစဉ် ဖြစ်ပါသည်။ ၎င်းထုတ်လုပ်မှုအစီအစဉ်တွင် အဆိုပြုလွှာပါ အချက်များဖြည့်စွက်ရာ၌ အောက်ပါ အချက်များပါဝင်အောင် ရေးသားဖော်ပြရမည် ဖြစ်ပါသည် -

(က) ဝယ်ယူမည့်သူများလက်ခံနိုင်သည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်မှု (ဥပမာ - အော်ဂင်းနစ် စံသတ်မှတ်ချက်)၊

(ခ) ကုန်ထုတ်လုပ်ရန်အတွက် နည်းပညာလိုအပ်မှုနှင့် ပံ့ပိုးပေးရမည့် သင်တန်းများအား ဖော်ပြရန်၊

(ဂ) လုပ်ငန်းစဉ်တစ်ခုချင်းအတွက် တိကျသော တာဝန်ခွဲဝေသတ်မှတ်ချက်၊

(ဃ) လုပ်ငန်းစတင်ချိန်မှ ပြီးဆုံးချိန်အထိ လုပ်ငန်းအစီအစဉ် (Work Plan) ကို (ဥပမာ - သီးနှံ ဝယ်ယူချိန်မှ ရိတ်သိမ်းချိန်ထိ၊ ဝက်မွေးမြူသည်မှ ရောင်းချမည့်အချိန်ထိ)

(င) လိုအပ်သော ကုန်ကြမ်းပစ္စည်း/သွင်းအားစုများ လုံလောက်စွာရရှိမည့် နေရာအား ကြိုတင် စုံစမ်းထားရှိမှု၊

(စ) လုပ်ငန်းစတင်ဆောင်ရွက်ရန် သင့်လျော်သည့် ကာလ၊

(ဆ) သိုလှောင်/ ထုတ်ပိုး/ သယ်ယူ၊ ရောင်းချမည့်အစီအစဉ်အသေးစိတ်၊

(ဇ) ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ဖြစ်ပေါ်လာမည့် အခက်အခဲများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊

၄၄။ **အဖွဲ့အစည်းဆိုင်ရာအစီအစဉ်**သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များ အနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်တိုင်းတွင် သီးခြားလုပ်ငန်း တာဝန်များ တိကျစွာ ခွဲဝေသတ်မှတ်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ၎င်း အဖွဲ့အစည်းဆိုင်ရာအစီအစဉ်တွင် အဆိုပြုလွှာပါ အချက်များဖြည့်သွင်းရာ၌ အောက်ပါအချက် များပါဝင်အောင် ရေးသားဖော်ပြရမည် ဖြစ်ပါသည် -

(က) စီမံအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အား အဖွဲ့ဝင်တစ်ဦးမှ သုံးဦး အထိ ဖွဲ့စည်းပြီး တာဝန်သတ်မှတ်ထားရှိမှု၊

(ခ) ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အား အဖွဲ့ဝင်တစ်ဦးမှ သုံးဦး အထိ ဖွဲ့စည်းပြီး တာဝန်သတ်မှတ်ထားရှိမှု၊

(ဂ) ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အား အဖွဲ့ဝင်တစ်ဦးမှ သုံးဦး အထိ ဖွဲ့စည်းပြီး တာဝန်သတ်မှတ်ထားရှိမှု၊

(ဃ) ဝယ်ယူ/ရောင်းချရေးနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာအဖွဲ့အား အဖွဲ့ဝင်တစ်ဦးမှ သုံးဦး အထိ ဖွဲ့စည်းပြီး တာဝန်သတ်မှတ်ထားရှိမှု၊

(င) မိမိထုတ်လုပ်မည့်ထုတ်ကုန်အတွက် လိုက်နာရမည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုဖော်ပြရန်၊

(စ) မိမိထုတ်ကုန်နှင့်ပတ်သက်၍ အခြားအဖွဲ့အစည်းများထံမှ အကြံဉာဏ်များ၊ သင်တန်းများ ရယူလိုပါက ဖော်ပြပေးရန်။

၄၅။ **ဘဏ္ဍာရေးအစီအစဉ်** သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအတွက် ထောက်ပံ့ငွေရရှိမှုအပေါ် လုပ်ငန်းတာဝန်များ တိကျစွာ ခွဲဝေသတ်မှတ်နိုင်စေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆိုပြုလွှာအပေါ် အရှုံးအမြတ်အခြေအနေကို ခန့်မှန်းသိရှိနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ၎င်းဘဏ္ဍာရေးအစီအစဉ်တွင် အဆိုပြုလွှာပါ အချက်များဖြည့်သွင်းရာ၌ အောက်ပါအချက်များပါဝင်အောင် ရေးသားဖော်ပြရမည် ဖြစ်ပါသည် -

(က) အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလုံးအတွက် ကုန်ထုတ်လုပ်မှုတစ်ခုချင်းအလိုက်ပစ္စည်း/ သွင်းအားစုဝယ်ယူခြင်း၊ လုပ်သားငှားရမ်းခြင်းနှင့် အထွေထွေလုပ်ငန်းများအတွက် အသေးစိတ်ကုန်ကျစရိတ်တွက်ချက်ရာတွင် ဒေသပေါက်ဈေးနှင့် အနီးစပ်ဆုံး တွက်ချက်မှု၊

(ခ) ထုတ်ကုန်တစ်မျိုးချင်းစီအတွက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ကုန်ကျမည့် ခန့်မှန်းစရိတ်တွက်ချက်မှု၊ (ကနဦးရင်းနှီးမှုဖြစ်သော မြေနေရာ/ အဆောက်အဦးမှသည် ထုတ်ပိုးရောင်းချသည်အထိခန့်မှန်းကုန်ကျစရိတ်)

(ဂ) အသက်မွေးဝမ်းကျောင်းအဖွဲ့မှ (၂၅%) ထည့်ဝင်မည့် အသေးစိတ်အစီအစဉ်၊

(ဃ) စီမံကိန်းရန်ပုံငွေစတင်ရယူလိုသည့်ရက်စွဲ

(င) အဆိုပြုသည့်လုပ်ငန်း၏ အရှုံးအမြတ် အခြေအနေ ကြိုတင်ခန့်မှန်းတွက်ချက်မှု။

၄၆။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အတွက် အဆိုပြုလွှာကို အဖွဲ့တွင်ပါဝင်သော အိမ်ထောင်စုအဖွဲ့ဝင်များအားလုံးက သဘောတူညီမှုရရှိပြီး အတည်ပြုပြီးဖြစ်ရပါမည်။ အဆိုပါ အစီအစဉ်အရ ၎င်းအဖွဲ့ဝင်များကိုယ်တိုင် ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို ကတိပြုထားရပါမည်။ အစီအစဉ်ကို အဖွဲ့ဝင်တိုင်းက သဘောတူညီပြီးနောက် အဆိုပြုလွှာတွင် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်မှ ကိုယ်စားလှယ်(၃)ဦး (ဥပမာ -

အုပ်ချုပ်ရေးဆောင်ရွက်သူ၊ ဘဏ္ဍာရေးဆောင်ရွက်သူ၊ ထုတ်လုပ်မှုတာဝန်ခံ ဆောင်ရွက်သူ) က လက်မှတ်ရေးထိုးရမည်။

**အဆင့် (၃) အဆိုပြုလွှာများအားစုစည်းခြင်းနှင့်သုံးသပ်ခြင်း**

**အဆင့်ခွဲ(၈)- အဆိုပြုလွှာများအားကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့မှ ပဏာမ သုံးသပ်ခြင်း**

၄၇။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ဆောင်ရွက်လိုသည့် လုပ်ငန်းအဆိုပြုလွှာများကို ကျေးရွာလုပ်ငန်းအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အဆိုပြုလွှာများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ၊ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် စိတ်တူကိုယ်တူအိမ်ထောင်စု များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်း ရှိ/မရှိ၊ အမှန်တကယ်ဆောင်ရွက်နိုင်မှု ရှိ/မရှိ၊ ဒေသနှင့်ကိုက်ညီမှု ရှိ/မရှိ၊ လုပ်ငန်းဆောင်ရွက်နိုင်သည့် အလားအလာရှိ/မရှိကို ပဏာမသုံးသပ်ရမည် ဖြစ်သည်။ စိစစ် သုံးသပ်ပြီးသောအဆိုပြုလွှာများအား ကျေးရွာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးမှလက်မှတ်ရေးထိုးပြီး မြို့နယ်လုပ်ငန်းအဖွဲ့ထံ ဆက်လက်တင်ပြ သွားရမည် ဖြစ်သည်။

**အဆင့်ခွဲ (၉) - မြို့နယ်နှင့် အထက်အဆင့် ကြီးကြပ်မှုကော်မတီများမှ အဆိုပြုလွှာများအား သုံးသပ်ခြင်းနှင့် အတည်ပြုရွေးချယ်ခြင်း**

၄၈။ မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် ကျေးရွာလုပ်ငန်းအဖွဲ့များမှ တင်ပြလာသော အသက်မွေး ဝမ်းကျောင်းအဆိုပြုလွှာများအား နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များနှင့် ကိုက် ညီပြီးအမှတ်ပေးရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်သည့် ပုဂ္ဂိုလ်က ၎င်းတာဝန်ယူရသည့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်း အမျိုးအစားအပေါ်မူတည်၍ နည်းပညာဆိုင်ရာသုံးသပ်မှုများကို ဦးစီးဆောင်ရွက်ရပါမည်။ (ဥပမာ - ဝက်မွေးမြူရေးလုပ်ငန်း အတွက် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်က နည်းပညာပိုင်းဆိုင်ရာ သုံးသပ်မှုကို ပြုလုပ် ရပါမည်)။ ထို့အပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အဆိုပြုလွှာများတွင်ပါဝင်သော ဘဏ္ဍာရေး အစီအစဉ်တွင် သွင်းအားစုများဝယ်ယူခြင်းအတွက်တွက်ချက်မှုများသည် (ဥပမာ- ဝက်သား ပေါက်၊ ဝက်စာ၊ လုပ်သားငှားရမ်းခနှင့် အရေအတွက်စသည်) ဒေသပေါက်ဈေးနှုန်းနှင့် ကိုက်ညီ မှုရှိ/မရှိ သေချာစွာ စစ်ဆေး၍ အတည်ပြုချက်ပေးရမည်ဖြစ်သည်။


၄၉။ အဆိုပြုလွှာများကို အကဲဖြတ်သုံးသပ်နိုင်ရန်အတွက် မြို့နယ်လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်တစ်ယောက်စီတိုင်းအား အဖွဲ့အဆိုပြုလွှာများအား မိတ္တူ(၁)စုံစီ ဖြန့်ဝေပေးရပါမည်။ သို့မဟုတ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် (၁)ဦး အား တာဝန်ပေးအပ်၍ အဖွဲ့အဆိုပြုလွှာတွင် ပါဝင်သည့် အခန်းကဏ္ဍတစ်ခုချင်းစီ၏ အကြောင်းအရာများအား အဖွဲ့သို့ ရှင်းလင်းတင်ပြပေးရမည်ဖြစ်ပါသည်။

၅၀။ ရမှတ် (၇၀)နှင့်အထက်ရရှိသော အဆိုပြုလွှာများအား ထပ်ဆင့်ထောက်ခံ၍ မြို့နယ်လုပ်ငန်းအဖွဲ့မှတဆင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသို့ ဆက်လက်ပေးပို့တင်ပြရမည်ဖြစ်သည်။ ရမှတ် (၇၀)နှင့်အောက်ရရှိသော အဆိုပြုလွှာများကိုလည်းမည်သည့်အတွက်ကြောင့် မထောက်ခံနိုင်ကြောင်း/လိုအပ်ချက်ရှိကြောင်း မှတ်ချက်များရေးသား၍ကျေးရွာလုပ်ငန်းအဖွဲ့မှတဆင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များထံ ပြန်လည်ပေးပို့သွားရမည်ဖြစ်သည်။ ထိုသို့ ငြင်းပယ်ထားသော လုပ်ငန်းအဆိုပြုလွှာများအား အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် လိုအပ်ချက်များ ပြန်လည်ပြင်ဆင်၍သော်လည်းကောင်း၊ လုပ်ငန်းအသစ်ရေးဆွဲ၍သော်လည်းကောင်း ဒေသအခြေအနေ၊ ရာသီခွင်အခြေအနေများနှင့် ကိုက်ညှိပြီးပြန်လည်ရေးသားတင်ပြရမည်ဖြစ်သည်။

၅၁။ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသည် မြို့နယ်လုပ်ငန်းအဖွဲ့က ထောက်ခံချက်နှင့်အတူတင်ပြလာသော အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အဆိုပြုလွှာများအား ထပ်မံစိစစ်၍ အောင်မြင်သောအဆိုပြုလွှာများအား ဗဟိုကြီးကြပ်မှုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ထံ တင်ပြသွားရမည်ဖြစ်သည်။

၅၂။ အဆိုပြုလွှာပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို နည်းပညာဆိုင်ရာ အကဲဖြတ်သုံးသပ်ပြီး အောင်မြင်သောအဆိုပြုလွှာများရွေးချယ်ရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချ၍ အသေးစိတ်မှတ်တမ်းများကို မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပါသည်။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထောက်ပံ့ပေးခြင်းကို ကျေးရွာ(၁)ရွာလျှင် အများဆုံးကျပ် (၃၀၀) သိန်းလျာထားပါသည်။ လုပ်ငန်းလိုအပ်ချက်ရှိပါက ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ထံ တင်ပြ၍ ကျေးရွာစီမံကိန်းရန်ပုံငွေပမာဏသတ်မှတ်ခြင်း (သို့မဟုတ်) ယူနစ်တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်၍ မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့အနေဖြင့် အသက်မွေး

ဝမ်းကျောင်းအဖွဲ့များရွေးချယ်ရာတွင် အဆိုပါ လျာထားရန်ပုံငွေထက် မကျော်လွန်စေရန် အထူး ဂရုပြုရွေးချယ်ရမည်ဖြစ်ပါသည်။ မြို့နယ်လုပ်ငန်းအဖွဲ့က စိစစ်ရမည့် ကျေးလက်စီးပွားမြင့်မား ရေး ရန်ပုံငွေအဆိုပြုလွှာအကဲဖြတ်ဆန်းစစ်ချက်ဇယားအား **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြ ထားပါသည်။




## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဆင့်ဆင့် အကဲဖြတ်ဆန်းစစ်ချက်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအပေါ် ရှင်းလင်းချက်

၅၃။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ အဆိုပြုလွှာများအား နည်းပညာဆိုင်ရာ အကဲဖြတ် ဆန်းစစ်ရာတွင် အောက်ဖော်ပြပါ စံနှုန်းသတ်မှတ်ချက်များအား နားလည်သဘောပေါက်ပြီး စံသတ်မှတ်ချက်တစ်ခုစီအား တိကျစွာအမှတ်ပေးရမည်ဖြစ်ပါသည်-

### (က) အဖွဲ့မှအဆိုပြုလွှာသည် ပြည့်စုံတိကျမှုရှိခြင်း

အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ၎င်းတို့ဆောင်ရွက်လိုသည့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အဆိုပြုလွှာတွင် ဖြည့်သွင်းရမည့် အချက် အလက်များအား ပြည့်စုံတိကျစွာ ဖော်ပြထားရမည်ဖြစ်ပါသည်။ အဆိုပါအချက် များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေး ခွင့်ရှိပါသည်။

**(ခ) စိတ်တူကိုယ်တူ အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားခြင်း၊ ယင်းအဖွဲ့ကို ကျေးရွာကော်မတီမှ ထောက်ခံခြင်း**

အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် စိတ်တူကိုယ်တူ အိမ်ထောင်စုများနှင့် အမှန်တကယ်ဖွဲ့စည်းထားခြင်းရှိ/မရှိနှင့် အဆိုပါအဖွဲ့များအားလည်း ကျေးရွာလုပ်ငန်းအဖွဲ့မှ ထောက်ခံခြင်းရှိ/မရှိစိစစ်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များသည် သတ်မှတ်အိမ်ထောင်စု အရေအတွက်ရှိခြင်း**

အသက်မွေးဝမ်းကျောင်းအဖွဲ့ (၁) ဖွဲ့လျှင် အမှန်တကယ်ရှိသည့် အိမ်ထောင်စု (၅) စု မှ (၁၅) စု အတွင်းသာဖြစ်ရပါမည်။ အဖွဲ့ဝင်ဦးရေနည်းလွန်းခြင်း၊ များလွန်းခြင်းတို့သည် စီမံခန့်ခွဲရာတွင် အခက်အခဲတွေ့နိုင်သကဲ့သို့ အဖွဲ့အလိုက် ပစ္စည်းများဝယ်ယူခြင်း၊ ရောင်းချခြင်းများတွင် ထိရောက်မှုအားနည်းချက်များ ရှိနိုင်သောကြောင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဃ) ဇနီးနှင့်ခင်ပွန်းနှစ်ဦးစလုံး(သို့မဟုတ်) အရွယ်ရောက်ပြီးသော ကိုယ်စားလှယ်တို့ပါဝင်ခြင်း**

အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များအတွင်း ကျား/မတန်းတူညီမျှမှုရှိစေရန်နှင့် ဆုံးရှုံးမှုများရှိခဲ့ပါက တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် ဇနီးနှင့်ခင်ပွန်း (၂)ဦးစလုံးကို အဖွဲ့ဝင်အဖြစ်မှတ်ပုံတင်ရပါမည်။ သို့ရာတွင် ဇနီးနှင့်ခင်ပွန်း(၂) ဦးအနက် (၁) ဦးကိုသာ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။ အိမ်ထောင်မရှိသူဖြစ်ပါက အသက် (၁၈)နှစ်ပြည့်ပြီးသော ဆွေမျိုးအနီးစပ်ဆုံး (၁) ဦး အား အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(င) ဖွဲ့စည်းထားသောအဖွဲ့တွင် လုပ်ငန်းအတွေ့အကြုံရှိသူများပါဝင်ခြင်း**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်း အတွေ့အကြုံရှိမှုသည် အရေးကြီးသည့်အတွက် အသက်မွေးဝမ်းကျောင်းအဖွဲ့တစ်ဖွဲ့တွင် အဆိုပြုထားသည့်လုပ်ငန်းအပေါ် အတွေ့အကြုံရှိသူများပါဝင်ပါက အများဆုံး (၅) မှတ် ထိပေးနိုင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူများမပါဝင်ပါက အနည်းဆုံး (၁) မှတ်မှစ၍ သင့်လျော်သလိုပေးနိုင်ပါသည်။

**(စ) အဆိုပြုလုပ်ငန်းအတွက် တိကျသောတာဝန် ခွဲဝေသတ်မှတ်မှုများရှိခြင်း၊ လက်တွေ့ကျခြင်း၊**

ထုတ်ကုန် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းအဖွဲ့များတွင် ပါဝင်သူများအား ယင်းတို့ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် တိကျသော တာဝန်ခွဲဝေသတ်မှတ်မှုများ ရှိ/မရှိနှင့် ခွဲဝေထား သည့်လုပ်ငန်းတာဝန်များသည် မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လက်တွေ့ကျမှုရှိ/မရှိတို့အား စိစစ်ရမည်ဖြစ်ပါသည်။ တိကျသော တာဝန်ခွဲဝေမှုနှင့် လက်တွေ့ကျမှုရှိပါက အများဆုံး (၁၀) မှတ်အထိပေးနိုင်ပြီး မရှိပါက အနည်းဆုံး (၁)မှတ်မှစ၍ သင့်လျော်သလိုပေးနိုင်ပါသည်။

**(ဆ) အဆိုပြုထားသောလုပ်ငန်း/ထုတ်ကုန်သည် ဒေသနှင့်ကိုက်ညီမှုရှိခြင်း**

မြို့နယ်အဆင့်တွင် အဓိကကျသော သက်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အဖွဲ့များမှ အဆိုပြုထားသည့် ထုတ်ကုန် (သို့) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ဒေသအခြေအနေ/ မြေပြင်အခြေအနေများ နှင့် ကိုက်ညီမှုရှိ/မရှိ သေချာစွာစိစစ်ရန်လိုအပ်ပါသည်။ ထို့အပြင် ဒေသတွင်းပြည်သူများအတွက်အလုပ်အကိုင် ဖန်တီးပေးနိုင်မှုရှိ/မရှိကို လည်းစိစစ်ရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဒေသနှင့် ကိုက်ညီသည့် လုပ်ငန်းဖြစ် ပါက အများဆုံး (၅) မှတ် အထိ ပေးခွင့်ရှိပါသည်။

**(ဇ) အဆိုပြုထားသည့် လုပ်ငန်း/ထုတ်ကုန်သည် ဝယ်လိုအားနှင့် ဈေးကွက်ရှိခြင်း (ဝယ်ယူ သူများခြင်း)**

အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ အဆိုပြုတင်သွင်းလာသော သက်မွေးလုပ်ငန်း၊ ထုတ်ကုန်များသည် မြေပြင်တွင် အမှန်တကယ် ဝယ်လိုအား နှင့် ခိုင်မာသော

ဈေးကွက်ရှိ/မရှိ သေချာအောင်ဂရုပြုစစ်ဆေး၍ စနစ်တကျဆန်းစစ်ပြီးမှ အတည်ပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြို့နယ်လုပ်ငန်းအဖွဲ့မှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် အဆိုပါအချက်များအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၁၀) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဈ) အဆိုပြုထားသည့် လုပ်ငန်း/ ထုတ်ကုန်သည် နိုင်ငံတော်အစိုးရ၏ ဥပဒေ၊ ကန့်သတ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း**

အဆိုပြုလွှာပါလုပ်ငန်း/ထုတ်ကုန်များသည် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့် စိုက်ပျိုး/မွေးမြူ/ထုတ်လုပ်ခြင်းဆိုင်ရာ အချိန်နှင့်တပြေးညီ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ ကန့်သတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရမည်ဖြစ်ပါသည်။ အဆိုပါ အချက်များအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ည) လိုအပ်သည့် သွင်းအားစုများနှင့် ကုန်ကြမ်းများ အလွယ်တကူရရှိနိုင်ခြင်း၊**

မြို့နယ်လုပ်ငန်းအဖွဲ့မှ အဆိုပြုလွှာပါလုပ်ငန်းများ၏ မလိုအပ်ပဲ ကုန်ကျစရိတ်မြင့်မားမှုမရှိစေရေးနှင့် ရေရှည်တည်တံ့နိုင်ရေးတို့အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ/ ထုတ်ကုန်များအတွက် သွင်းအားစုများနှင့် ကုန်ကြမ်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းရှိ/မရှိအား သေချာစွာ စိစစ်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဋ) အဆိုပြုလုပ်ငန်းသည် အဖွဲ့လိုက်ဝယ်ယူခြင်းနှင့် အဖွဲ့လိုက်ရောင်းချခြင်းတို့ ဆောင်ရွက်ရန် သင့်လျော်ခြင်း၊**

စီမံကိန်းလုပ်ငန်းသည် စိတ်တူကိုယ်တူအိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များဖြင့် စုဖွဲ့၍ စုပေါင်းဆောင်ရွက်သည်ဖြစ်ရာ အဆိုပြုလုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဝန်ဆောင်မှုများနှင့်ကုန်ပစ္စည်းများကိုအစုအဖွဲ့ဖြင့် စုပေါင်းဝယ်ယူခြင်း၊ ထွက်ရှိလာသော ထုတ်ကုန်များအား စုပေါင်းရောင်းချခြင်းစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် ၎င်းတို့ အဆိုပြုထားသည့်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အဖွဲ့လိုက်ဝယ်ယူခြင်းနှင့် ရောင်းချခြင်း အစီအစဉ်တို့ ဆောင်ရွက်နိုင်မှုရှိ/မရှိ စနစ်တကျစိစစ်ရမည် ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေး ခွင့်ရှိပါသည်။

**(ဌ) သွင်းအားစုနှင့် မတည်ငွေအတွက် ဘဏ္ဍာငွေ အစီအစဉ်သည် လုံလောက်မှုရှိခြင်း**

အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့်၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်တွက်ချက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အဆိုပြုလုပ်ငန်းတွင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်တွက်ချက်မှုများပါ/မပါ စိစစ်ရမည်ဖြစ်ပြီး အဆိုပါတွက်ချက်ထားမှုများတွင် မတည်ငွေနှင့် သွင်းအားစုများအတွက် ကုန်ကျစရိတ်များသည် လုံလောက်မှုရှိ/မရှိ သေချာစွာ စိစစ်ရမည်ဖြစ်ပါသည်။ အကယ်၍ ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်တွက်ချက်မှုသည် လုံလောက်မှုမရှိပါက အဆိုပါတင်ပြသည့်လုပ်ငန်းသည် ခွင့်ပြုရန်မသင့်သော လုပ်ငန်းဟု မှတ်ယူရမည် ဖြစ်ပါသည်။ အဆိုပါ အချက်များအပေါ် အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဍ) အစုအဖွဲ့မှ သတ်မှတ်ပမာဏအတိုင်း ရန်ပုံငွေ ထည့်ဝင်ခြင်း၊**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းမတည်ငွေများသည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ဆောင်ရွက်လိုသည့် အဆိုပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ (၇၅%) ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (RBF)မှ မတည်ပေးမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအဖွဲ့မှ (၂၅%) ကိုထည့်ဝင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပြုလွှာများကိုသုံးသပ်သည့် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ထည့်ဝင်ရမည့် (၂၅ %) ကို ထည့်သွင်းတွက်ချက်ထားခြင်း ရှိ/မရှိ စိစစ်သုံးသပ်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဈ) နည်းပညာနှင့် ထုတ်လုပ်မှုဆိုင်ရာ အခက်အခဲများအား ချက်ချင်းဖြေရှင်းပေးနိုင်မှု ရှိခြင်း၊**

အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ တောင်းဆိုထားသော လိုအပ်ချက်များ ဖြစ်သည့် သွင်းအားစုများ/ နည်းပညာနှင့် သင်တန်းများ စသည်တို့ကို ဌာနအနေဖြင့် ချက်ချင်းပေးနိုင်ခြင်း ရှိ/မရှိ စိစစ်ရန်နှင့် လက်တွေ့ကျသည့်နည်းပညာမျိုးကို တောင်းဆိုထားခြင်း ရှိ/မရှိ သေချာစွာ စိစစ်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ည) အဆိုပြုလုပ်ငန်းသည် ဆုံးရှုံးနိုင်ခြေနည်းပါးခြင်းနှင့် ဆုံးရှုံးနိုင်ခြေများအား လက်တွေ့ကျသော ဖြေရှင်းမည့်နည်းလမ်း တိကျစွာပါဝင်ခြင်း၊**

စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် ဆုံးရှုံးနိုင်ခြေရှိသည့် အတွက် အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ၎င်းတို့ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းအတွက် ဆုံးရှုံးနိုင်ခြေများကို တွက်ချက်ဖော်ပြထားခြင်း ရှိ/မရှိနှင့် လက်တွေ့ကျသည့် ဖြေရှင်းနိုင်မှု နည်းလမ်းများကို တွက်ချက်ဖော်ပြထားခြင်းရှိ/မရှိ စိစစ်ရမည်ဖြစ်ပါသည်။ အဖွဲ့များအနေဖြင့် ဆုံးရှုံးနိုင်ခြေများကို အသေးစိတ် ဖော်ပြထားပြီး ဖြေရှင်းနည်းများသည် လက်တွေ့ကျပြီးကောင်းမွန်ပါက ကောင်းမွန်သလို အမှတ်ပြည့်ပေးနိုင်ပါသည်။ အဆိုပါအချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၁၀) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ဋ) ရရှိသော အမြတ်အစွန်းသည် အဖွဲ့ဝင်အိမ်ထောင်စုများ၏ ဝင်ငွေကို မြှင့်တင်နိုင်ရန် အလားအလာရှိခြင်း၊**

အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ထုတ်ကုန်ရောင်းချမှုနှင့် သွင်းအားစုများဝယ်ယူသည့် တန်ဖိုးများအားခန့်မှန်းရာတွင် ခန့်မှန်းကုန်ကျစရိတ်သည် လက်ရှိဈေးကွက်ပေါက် ဈေးနှုန်းများဖြင့် အနီးစပ်ဆုံး ကိုက်ညီရမည်ဖြစ်ပြီး လိုအပ်သော ထုတ်လုပ်မှုအဆင့်တိုင်း၏ ကုန်ကျစရိတ်အားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ သို့မှသာ ရရှိလာမည့် ခန့်မှန်းအမြတ်အစွန်းများသည် အမှန်တကယ်ရရှိမည့် အမြတ်အစွန်းနှင့် အနီးစပ်ဆုံးထပ်တူကျနိုင်မည်ဖြစ်ပါ

သည်။ ထိုသို့ အနီးစပ်ဆုံးခန့်မှန်းထားသည့် အမြတ်အစွန်းသည် အိမ်ထောင်စုများ၏ ဝင်ငွေကို အမှန်တကယ်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိသေချာစွာ စိစစ်ရမည်ဖြစ်ပါသည်။ အကယ်၍ ရရှိလာမည့် အမြတ်အစွန်းသည် နည်းနေပါက မိသားစုများ၏ ဝင်ငွေကိုမြှင့်တင်ပေးနိုင်မည် မဟုတ်သည့်အတွက် အဆိုပါအဆိုပြုသည့်လုပ်ငန်းများအား အမှတ်လျှော့၍ ပေးသင့်ပါသည်။ အဆိုပါ အချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။

**(ထ) အဆိုပြုထားသော လုပ်ငန်းသည် ရေရှည်လည်ပတ်နိုင်စွမ်းရှိခြင်း။**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု၏ ရေရှည်တည်တံ့မှုအား လွှမ်းမိုးသက်ရောက်နိုင်စေသော အချက်များစွာရှိပါသည်။ အဆိုပါအချက်များကို စိစစ်ဖော်ထုတ်နိုင်ရန်အတွက် မြို့နယ် လုပ်ငန်းအဖွဲ့ အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုနှင့် သက်ဆိုင်သော သွင်းအားစုများ၊ ထုတ်လုပ်မှု၊ ဈေးကွက်ထိုးဖောက်နိုင်မှု၊ ဘက်ပေါင်းစုံစီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော အဟန့်အတားအခက်အခဲများကို စိစစ်သွားရမည် ဖြစ်ပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ၎င်းတို့ အဆိုပြုလုပ်ငန်းများအား ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်လုပ်ကိုင်နိုင်မှုရှိ/မရှိ ကြိုတင်၍ မျှော်တွေးထားရန် လိုအပ်ပါသည်။ အဖွဲ့များအနေဖြင့် အဆိုပြုထားသည့် လုပ်ငန်းသည် ပထမနှစ်တွင် မအောင်မြင်ပါက ဒုတိယနှစ်စက်ဝန်းတွင် လုပ်ငန်းပြောင်းလဲ၍ ဆောင်ရွက်ခွင့်ရှိပါသည်။ သို့ရာတွင် အဖွဲ့များမှ တင်ပြလာသည့် အဆိုပြုလုပ်ငန်းသည် ပထမနှစ်စက်ဝန်း ဆောင်ရွက်ပြီးပါက ဒုတိယတွင် ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ခြင်းမရှိဟု သုံးသပ်ပါက အဆိုပါလုပ်ငန်းသည် ရေရှည်လည်ပတ်နိုင်စွမ်းမရှိသည့်အတွက် အမှတ်လျှော့၍ပေးရမည်ဖြစ်ပါသည်။ အဆိုပါ အချက်များအပေါ်အခြေခံ၍ အနည်းဆုံး (၁)မှတ်မှ အများဆုံး (၅) မှတ်ထိ အမှတ်ပေးခွင့်ရှိပါသည်။ ရေရှည်တွင် ဆက်လက်၍ ကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ပါက အမှတ်ပြည့်ပေးနိုင်ပါသည်။

## အဆင့် (၄) ဘဏ္ဍာငွေနှင့်နည်းပညာပံ့ပိုးခြင်း

၅၄။ အဆင့်(၄)သည် ဘဏ္ဍာငွေနှင့်နည်းပညာပံ့ပိုးခြင်းအစီအစဉ်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အသက်မွေးဝမ်းကျောင်းအဖွဲ့များအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေများနှင့် နည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အသေးစိတ်မှာ အဆင့်ခွဲ(၁၀)နှင့် အဆင့်ခွဲ(၁၁) တွင်ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။

### အဆင့်ခွဲ (၁၀) - စာချုပ်ချုပ်ဆိုခြင်း

၅၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အောင်မြင်သော အဆိုပြုလွှာများကိုအတည်ပြုပြီးနောက် **ရက်ပေါင်း (၃၀)အတွင်း** မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူစာချုပ်ကိုချုပ်ဆိုရမည်ဖြစ်ပါသည်။ ထိုသို့ချုပ်ဆိုရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌတို့ကစာချုပ်တွင်လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အသိသက်သေအဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (သို့မဟုတ်) ကျေးရွာတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဘဏ္ဍာရေးမှူးတို့ကလက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။

၅၆။ လက်မှတ်ရေးထိုးပြီးသော သဘောတူစာချုပ်(မူရင်း)အား မြို့နယ်လုပ်ငန်းအဖွဲ့တွင် သိမ်းဆည်းထားမည်ဖြစ်ပြီး ကျေးရွာလုပ်ငန်းအဖွဲ့တွင်လည်း မိတ္တူသိမ်းဆည်းထားရမည်ဖြစ်ပါသည်။ မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့ကြားချုပ်ဆိုရမည့် ရန်ပုံငွေလွှဲပြောင်းခြင်းသဘောတူစာချုပ်အား **နောက်ဆက်တွဲ (ဂ)** ဖြင့်ဖော်ပြထားပါသည်။

၅၇။ ယင်းနောက် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အောင်မြင်သော အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြား ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ချေးငွေသဘောတူစာချုပ်ကို ဆက်လက်ချုပ်ဆိုရမည်ဖြစ်ပါသည်။ ထိုသို့ချုပ်ဆိုရာတွင် ကျေးရွာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့မှတာဝန်ခံ(၁)ဦးတို့က စာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အသိသက်သေအဖြစ် မြို့နယ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအဖွဲ့ကိုယ်စားလှယ်(၁)ဦးတို့က လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။ **ချေးငွေပြန်လည်ထုတ်ချေးတိုင်းစာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။**

၅၈။ လက်မှတ်ရေးထိုးပြီးသော ချေးငွေသဘောတူစာချုပ်(မူရင်း)အား သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့တွင်သိမ်းဆည်းထားမည်ဖြစ်ပြီး သက်ဆိုင်ရာကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့တွင် မိတ္တူသိမ်းဆည်းထားရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြားချုပ်ဆိုရမည့် ချေးငွေသဘောတူစာချုပ်အား **နောက်ဆက်တွဲ (ဃ)** ဖြင့်ဖော်ပြထားပါသည်။

## အဆင့်ခွဲ (၁၁) - စာရင်းရှင်ဖွင့်လှစ်ခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်း

### စာရင်းရှင်ဖွင့်လှစ်ခြင်း

၅၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အတည်ပြုပြီးသော ကျေးရွာများအတွက် ရန်ပုံငွေများလွှဲပြောင်းပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်တစ်ခုနှင့် ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ စာရင်းရှင်တစ်ခု ဖွင့်လှစ်ထားရမည်ဖြစ်ပါသည်။

### ရန်ပုံငွေလွှဲပြောင်းခြင်း

၆၀။ ရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူစာချုပ်နှင့် ချေးငွေသဘောတူ စာချုပ်ချုပ်ဆိုပြီး သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် မြို့နယ်လုပ်ငန်းရန်ပုံငွေစာရင်းရှင်နှင့် ကျေးရွာလုပ်ငန်းရန်ပုံငွေစာရင်းရှင်များဖွင့်လှစ်ပြီးပါက အတည်ပြုထားသော ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေအားလွှဲပြောင်းပေးပါရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) ထံတင်ပြတောင်းခံရမည်ဖြစ်ပါသည်။


၆၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် ရန်ပုံငွေတောင်းခံလွှာများအားစိစစ်၍ သက်ဆိုင်ရာ ငွေထုတ်စာရင်း (MD) သို့ (DL) ဖြင့်ငွေလွှဲပို့၍ ယင်းမှတဆင့် သက်ဆိုင်ရာ မြို့နယ်စာရင်းရှင်သို့ ရန်ပုံငွေလွှဲပြောင်းရမည်ဖြစ်ပါသည်။ ထို့နောက် မြို့နယ်လုပ်ငန်းရန်ပုံငွေစာရင်းရှင်မှ ကျေးရွာလုပ်ငန်းရန်ပုံငွေစာရင်းရှင်သို့ ရန်ပုံငွေလွှဲပြောင်းရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အတည်ပြုထားသောအသက်မွေးဝမ်းကျောင်းအဖွဲ့၏ အဆိုပြုလွှာတွင်ပါဝင်သော သတ်မှတ်ခွင့်ပြုငွေအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တစ်ကြိမ်တည်း (၁၀၀%) ငွေသား (သို့မဟုတ်) ချက်လက်မှတ် (သို့မဟုတ်) Digital Payment ဖြင့် ပြန်လည်ထုတ်ပေးရမည်။ သို့သော် အဆိုပြုတင်ပြထားသည့်အတိုင်း ဝယ်ယူခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း မရှိပါက ယင်းထုတ်ပေးငွေကို ပြန်လည် သိမ်းယူမည်ဖြစ်ပါသည်။

၆၂။ ကျေးရွာလုပ်ငန်းအဖွဲ့၏စာရင်းရှင်မှ ငွေထုတ်ယူမှုကိုကြီးကြပ်နိုင်ရန် ချက်လက်မှတ်စာအုပ်များကို မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့၌ ထိန်းသိမ်းထားရှိရန်နှင့် ငွေထုတ်ယူရာတွင် ငွေပမာဏကို စစ်ဆေးရေးသားပြီး ချက်လက်မှတ်ထုတ်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ (ယင်းကိစ္စနှင့်ပတ်သက်၍ မည်သည့်ငွေကြေးတစ်စုံတစ်ရာ ပတ်သက်မှု မရှိစေရပါ။)

၆၃။ ကျေးရွာလုပ်ငန်းအဖွဲ့သည်အသက်မွေးဝမ်းကျောင်းအဖွဲ့(၁)ဖွဲ့စီအတွက်ချေးငွေများထုတ်ပေးရာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ချေးငွေထုတ်ပေးမှုမှတ်တမ်း (ကျေးရွာပုံစံ-၁) အားပြုစုထားရှိရမည်ဖြစ်သည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့များကို ချေးငွေထုတ်ပေးသည့်အချိန်တိုင်း ငွေပေးငွေရပြေစာတွင် လက်မှတ်ရေးထိုး၍ ထုတ်ပေးရမည်ဖြစ်သည်။ ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ချေးငွေထုတ်ပေးမှုမှတ်တမ်း (ကျေးရွာပုံစံ-၁) အား **နောက်ဆက်တွဲ(င)** ဖြင့်ဖော်ပြထားပါသည်။

၆၄။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးလုပ်ငန်း၏ **ရန်ပုံငွေစီးဆင်းမှုပုံစံ (Fund Flow)** မှာအောက်ပါအတိုင်းဖြစ်ပါသည်-

**ရန်ပုံငွေစီးဆင်းမှုပုံစံ**



## ငွေကြေးထိန်းသိမ်းခြင်း

၆၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့များက ပြန်လည်ပေးသွင်းလာသည့် အရင်းနှင့်အတိုးငွေများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းခြင်းမပြုမီ (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းအဖွဲ့များအား ငွေထုတ်မချေးမီ ဘဏ္ဍာရေးမှူး၏ နေအိမ်တွင်ထားရှိသော သော့(၃) လုံးပါရှိသည့် ငွေသေတ္တာတွင် ယာယီထိန်းသိမ်းထားရှိရမည်။ သော့(၃) လုံးနှင့် သက်ဆိုင်သည့် သော့တွဲများအား ကျေးရွာလုပ်ငန်းအဖွဲ့ဥက္ကဌ၊ အတွင်းရေးမှူးနှင့် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်(၁) ဦးတို့ထံတွင် ထိန်းသိမ်းထားရမည်။

၆၆။ ဘဏ်သို့ငွေသွင်းငွေထုတ်ပြုလုပ်ရာတွင် ကျေးရွာလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်(၃)ဦးနှင့် မြို့နယ်လုပ်ငန်းအဖွဲ့မှ ဝန်ထမ်း(၂) ဦး လိုက်ပါဆောင်ရွက်ရမည်။ လုံခြုံမှုရှိစေရန်အတွက် သံသေတ္တာဖြင့် သော့ခတ်သယ်ဆောင်ရမည်။ ဌာနပိုင်ယာဉ်(သို့မဟုတ်) ကျေးရွာမှ မော်တော်ယာဉ် ငှားရမ်း၍ သယ်ဆောင်ရမည်။ လုံခြုံရေးအထူးသတိပြုရမည်။

## ငွေကြေးဆိုင်ရာစာရင်းဇယားများပြုစုထားရှိခြင်း

၆၇။ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့တို့သည် ငွေကြေးဆိုင်ရာ စာရင်းများ၊ မှတ်တမ်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနတို့မှ စစ်ဆေးလျှင် အချိန်မရွေးတင်ပြနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ ချေးငွေအသုံးပြုမှုများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို စောင့်ကြည့်ကြီးကြပ်ရမည်ဖြစ်ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၆၈။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အရင်းအတိုးပြန်ဆပ်ငွေစာရင်းစာအုပ် (ကျေးရွာပုံစံ-၂)၊ ကျေးရွာလုပ်ငန်းအဖွဲ့ငွေစာရင်းမှတ်တမ်းစာအုပ် (ကျေးရွာပုံစံ-၃)၊ ဘဏ်လက်ကျန်စာရင်းစာအုပ်(ကျေးရွာပုံစံ-၄)၊ အုပ်ချုပ်မှုဆိုင်ရာ အထွေထွေအသုံးစရိတ်စာရင်းစာအုပ် (ကျေးရွာပုံစံ-၅)၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအသုံးစရိတ်စာရင်း (ကျေးရွာပုံစံ-၆) များထားရှိရမည်ဖြစ်ပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ အရင်းအတိုးပြန်ဆပ်လာသည့်အချိန်တိုင်း ငွေပေးငွေရပြေစာတွင်လက်မှတ်ရေးထိုး၍ လက်ခံရမည်ဖြစ်သည်။ ကျေးရွာလုပ်ငန်းအဖွဲ့၏ အသုံးစရိတ်ဆိုင်ရာပြေစာဘောင်ချာမူရင်းများအား စာရင်းစစ်ဆေးခံနိုင်ရန်အတွက်

သေချာစွာ သိမ်းဆည်းထားရမည်ဖြစ်ပါသည်။ အဆိုပါစာရင်း စာအုပ်ပုံစံများအား **နောက်ဆက်တွဲ (စ၊ ဆ၊ ဇ၊ ဈ၊ ည)** တို့ဖြင့် ဖော်ပြထားပါသည်။

၆၉။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ငွေစာရင်းမှတ်တမ်း (သက်မွေးပုံစံ-၁)၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ လစဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ (သက်မွေးပုံစံ-၂)၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၏လုပ်ငန်းပြီးစီးမှုအစီရင်ခံစာ (သက်မွေးပုံစံ-၃)၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အရောင်း/အဝယ် အရှုံး/အမြတ်စာရင်း (သက်မွေးပုံစံ-၄) များ ထားရှိရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အသုံးစရိတ်ဆိုင်ရာပြေစာဘောင်ချာမူရင်းများအား စာရင်းစစ်ဆေးခံနိုင်ရန်အတွက် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအဖွဲ့များတွင် သေချာစွာသိမ်းဆည်းထားရမည်ဖြစ်ပါသည်။ အဆိုပါ စာရင်းစာအုပ်ပုံစံများအား **နောက်ဆက်တွဲ (ဋ၊ ဌ၊ ဍ၊ ဎ)** တို့ဖြင့် ဖော်ပြထားပါသည်။

## အုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်

၇၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အုပ်ချုပ်မှုအသုံးစရိတ်အားယင်းအဖွဲ့၏ထည့်ဝင်ငွေ (၂၅%) မှ အသုံးပြုရမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာလုပ်ငန်းအဖွဲ့အတွက် လိုအပ်သော အုပ်ချုပ်မှုအသုံးစရိတ်များကိုလည်း နှစ်ဖက်သဘော တူညီချက်ဖြင့် မျှဝေကျခံသုံးစွဲနိုင်ပါသည်။ အုပ်ချုပ်မှုအသုံးစရိတ်သုံးစွဲရာတွင် တစ်နှစ်လျှင် လုပ်ငန်းတန်ဖိုး၏ (၂%) ထက်မပိုစေရန်ဖြစ်ပါသည်။ အကယ်၍ လုံလောက်မှုမရှိပါက ယင်းသတ်မှတ်ချက်အား မြို့နယ်လုပ်ငန်းအဖွဲ့မှ ပြင်ဆင်သတ်မှတ်နိုင်ပါသည်။

၇၁။ ကျေးရွာလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်မှုအသုံးစရိတ်အား အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးသွင်းသောအတိုးရငွေများမှ သုံးစွဲရန်ဖြစ်ပြီး တစ်နှစ်လျှင် ငွေကျပ် (၂) သိန်း ထက် မပိုသော အသုံးစရိတ်ကိုသုံးစွဲနိုင်ပါသည်။ အုပ်ချုပ်မှုစရိတ်အား သုံးစွဲရာတွင် စာရေးကိရိယာ၊ စာရွက်စာတမ်း၊ တံဆိပ်တုံး၊ ငွေသေတ္တာ၊ မိတ္တူကူးခြင်း၊ ခရီးစရိတ်၊ ဘဏ်ဆောင်ရွက်ခနှင့် အခြားအမှန်တကယ်လိုအပ်သည့်ကိစ္စရပ်များကိုသာအနည်းဆုံးနှုန်းဖြင့်ကျခံသုံးစွဲရန်ဖြစ်ပါသည်။

## အတိုးနှုန်းနှင့်ပြန်လည်ပေးသွင်းရမည့်ကာလသတ်မှတ်ခြင်း

၇၂။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် စီမံကိန်းမှချေးငွေအတွက် ငွေတစ်ရာအတွက် တစ်လလျှင် (၅၀) ပြားအတိုးနှုန်းသတ်မှတ်၍ **စီမံကိန်းစက်ဝန်း တစ်ခုပြီးတိုင်း အသက်မွေးဝမ်း**

**ကျောင်းအဖွဲ့တစ်ဖွဲ့စီအလိုက် အတိုးနှင့်အရင်းအား** ကျေးရွာလုပ်ငန်းအဖွဲ့ထံ ပြန်လည် ပေးသွင်းရမည်ဖြစ်ပါသည်။ ကျွဲ၊ နွား၊ နွားနောက်မွေးမြူခြင်း၊ ကော်ဖီ၊ ရာဘာ၊ ၀ဥ ကဲ့သို့ နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ပါက တစ်နှစ်လျှင်တစ်ကြိမ် ကျသင့်ငွေအတိုးအား ကျေးရွာလုပ်ငန်းအဖွဲ့သို့ ပြန်လည်ပေးသွင်းရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ပေးသွင်းလာသော အတိုးနှင့်အရင်းငွေများအား လက်ဝယ်ကိုင်ဆောင်မှုမရှိစေပဲ ၎င်း၏ဘဏ်စာရင်းရှင်သို့အချိန်မီ ပြန်လည်ထည့်သွင်းရမည်ဖြစ်ပါသည်။

၇၃။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ နောက်တစ်ကြိမ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းစက်ဝန်းတစ်ခု ဆောင်ရွက်နိုင်ရန် အဆိုပြုလွှာတွင် ပါဝင်ပြီး အတည်ပြုထားသော ချေးငွေပမာဏအား တစ်ကြိမ် တည်း (၁၀၀%) ငွေသား (သို့မဟုတ်) ချက်လက်မှတ် (သို့မဟုတ်) Digital Payment ဖြင့် ပြန်လည်ထုတ်ပေး၍ အတိုးရငွေများအား နောက်စက်ဝန်းတွင် ထပ်ပေါင်းရင်းနှီးနိုင်ရန် ပြန်လည် ထုတ်ချေးပေးနိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်လိုပါကလည်း နှစ်ကာလ စောင့်ဆိုင်းစရာ မလိုဘဲ ဆောင်ရွက်နိုင်သည်။

**စီမံကိန်းမတည်ငွေ ပြန်လည်ပေးဆပ်ခြင်း**

၇၄။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် စာချုပ်ချုပ်ဆိုပြီး (၃) နှစ်ပြည့်ပြီးသည့်အချိန်တွင် မူလမတည်ငွေကို အခြားအသက်မွေးဝမ်းကျောင်းအဖွဲ့ (သို့မဟုတ်) အခြားကျေးရွာ (သို့မဟုတ်)အခြားမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်ရန်အတွက် ကျေးရွာလုပ်ငန်းအဖွဲ့ထံ ပြန်လည်ပေးအပ်ရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ (၃)နှစ်ပြည့်မြောက်ချိန်တွင် ပြန်လည်အပ်နှံလာသည့် မူလအရင်းငွေကို အခြားကျေးရွာ (သို့မဟုတ်) အခြားမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်မည်ဆိုပါက ကျေးရွာလုပ်ငန်းအဖွဲ့သည် ၎င်း၏ရန်ပုံငွေစာရင်းရှင်မှတဆင့် မြို့နယ်လုပ်ငန်းရန်ပုံငွေစာရင်းရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ရမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲတစ်စုံတစ်ရာရှိလာပါက ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ထံ တင်ပြ၍ သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုနိုင်သည်။

၇၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ၎င်းတို့၏ထုတ်ကုန်များအား စီမံကိန်းစက်ဝန်းပြည့်ချိန် (သို့မဟုတ်) စီမံကိန်းကာလ (၃)နှစ်ပြည့်ချိန်တွင် ပြန်လည်ရောင်းချနိုင်ခြင်းမရှိသေးပါက ဆီလျော်သော အကြောင်းပြချက်ဖြင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ တင်ပြရမည်ဖြစ်ပြီး မြို့နယ်လုပ်ငန်းအဖွဲ့မှ

စိစစ်၍ ပြည်နယ်/တိုင်းဒေသကြီးထောက်ခံချက်ဖြင့် ကျေးလက်ဦးစီးရုံးချုပ်မှ သင့်လျော်သော ကာလအထိ သက်တမ်းတိုး ခွင့်ပြုပေးမည်ဖြစ်ပါသည်။

**အဆင့်ခွဲ (၁၂) - နည်းပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ပို့ချခြင်း**

၇၆။ မြို့နယ်လုပ်ငန်းအဖွဲ့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အဆိုပြုလွှာတွင် ဖော်ပြထားသော ၎င်းတို့ဆောင်ရွက်မည့်လုပ်ငန်းများနှင့် လိုအပ်သည့်သင်တန်းများကို အသေးစိတ်ရေးမှတ်ထားရန်လိုအပ်ပါသည်။ ယင်းဖော်ပြထားသော နည်းပညာဆိုင်ရာသင်တန်းများမှ မြေပြင်နှင့်ကိုက်ညီသော၊ သင်တန်းပို့ချရန်လိုအပ်သော အရင်းအမြစ်များပြည့်စုံသော သင်တန်းများကို သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့နှင့်တိုင်ပင်ပြီး ဦးစားပေးဆောင်ရွက်ပေးရမည့် သင်တန်းစာရင်းကို ပြုစုရန်လိုအပ်ပါသည်။

၇၇။ ထို့နောက် လုပ်ငန်းများစတင်အကောင်ဖော်ဆောင်ရွက်ခြင်းမပြုမီ မြို့နယ်လုပ်ငန်းအဖွဲ့မှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဆက်စပ်သည့် အဖွဲ့ဝင်များ (ဥပမာအားဖြင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှကိုယ်စားလှယ်)က အသက်မွေးဝမ်းကျောင်းအဖွဲ့များအတွက် ၎င်းတို့နှင့် သက်ဆိုင်သည့် လိုအပ်သော နည်းပညာဆိုင်ရာလမ်းညွှန်ချက်များ၊ သင်တန်းများအား ပို့ချပေးရမည် ဖြစ်ပါသည်။ ထိုသို့သင်တန်းများပို့ချရာတွင် ကျေးရွာလုပ်ငန်းအဖွဲ့သည် မြို့နယ်စီမံကိန်း လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်း၍ သင်တန်းဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၇၈။ ထို့ပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် နည်းပညာလိုအပ်ချက်များကြောင့် အခက်အခဲများကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့၊ မြို့နယ်တာဝန်ခံတို့က အသက်မွေးဝမ်းကျောင်းအဖွဲ့များသို့ ပုံမှန်စောင့်ကြည့်ကြီးကြပ်ပြီး လိုအပ်သော **နည်းပညာဆိုင်ရာသင်တန်းများအား** သက်ဆိုင်ရာ ဦးစီးဌာနများနှင့်ဆက်သွယ်၍ **အကြိမ်ကြိမ်** ဖွင့်လှစ်ပို့ချပေးရမည်ဖြစ်ပါသည်။ (ဥပမာအားဖြင့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု သင်တန်း၊ သက်မွေးပညာကျွမ်းကျင်မှု သင်တန်း၊ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှုသင်တန်း၊ ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်းသင်တန်း၊ ဘဏ္ဍာရေးဆိုင်ရာသင်တန်းစသည်ဖြင့်) တို့ဖြစ်ပါသည်။

## အဆင့်(၅) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၇၉။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် တစ်ဦးချင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အတွေ့အကြုံရှိပြီးဖြစ်သော်လည်း အဖွဲ့အလိုက်လုပ်ငန်းဆောင်ရွက်ရာတွင် ၎င်းတို့ရွေးချယ်ထားသောလုပ်ငန်းများအတွက် အလေ့အကျင့်ကောင်းများရယူရန်၊ ကြုံတွေ့လာနိုင်ချေရှိသည့်အခက်အခဲနှင့် ပြဿနာများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ဆက်စပ်ဦးစီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈၀။ မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့သည် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအဆင့်ဆင့်တွင် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်များအတိုင်း ဆောင်ရွက်ထားမှုရှိ/မရှိ၊ အဆိုပြုလွှာတွင် ပါဝင်သောလုပ်ငန်းများအတိုင်း ဆောင်ရွက်ထားမှုရှိ/မရှိနှင့် ချမှတ်ထားသည့် စည်းမျဉ်းများအတိုင်းလိုက်နာဆောင်ရွက်ထားမှုရှိ/မရှိကို အမြဲတစေစောင့်ကြည့်ကြီးကြပ်ရမည်ဖြစ်သည်။

## အဆင့်ခွဲ (၁၃) - လုပ်ငန်းများစတင်လည်ပတ်ခြင်း

၈၁။ အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ အတည်ပြုထားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါပုံစံ (၂) မျိုးဖြင့် ဆောင်ရွက်နိုင်သည်-

### (က) အစုအဖွဲ့ဖြင့်ဆောင်ရွက်မှုပုံစံ (၁)

၁။ အစုအဖွဲ့အလိုက်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း နှင့်ထုတ်လုပ်ခြင်း၊

၂။ ယင်းအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး (သို့မဟုတ်) ရွေးချယ်ထားသော အဖွဲ့ငယ်မှ တာဝန်ယူ၍ လုပ်ငန်းလည်ပတ်ခြင်း (သို့မဟုတ်) အလုပ်သမားငှားရမ်းလည်ပတ်ခြင်း၊

၃။ ကျန်အဖွဲ့ဝင်များမှ လုပ်ငန်းကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊

၄။ (၁)လလျှင် (၀.၅%) အတိုးနှုန်းဖြင့် ထုတ်လုပ်မှုစက်ဝန်းတစ်ခုပြီးတိုင်း အတိုးငွေနှင့်အရင်းငွေအား အဖွဲ့သို့ပြန်လည်ထည့်ဝင်ခြင်း၊ သို့ရာတွင် နွား

မွေးမြူရေး၊ ကော်ဖီ၊ ရာဘာ၊ ဝဥ ကဲ့သို့သော နှစ်ရှည်သီးပင်စိုက်ပျိုးခြင်း လုပ်ငန်းမျိုးဖြစ်ပါက တစ်နှစ်တစ်ကြိမ် အတိုး နှုန်းအားထည့်ဝင်ခြင်း၊

၅။ ဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ဆုံးရှုံးသွားသည့်ကောင်ရေ/သီးနှံအား အစုအဖွဲ့မှ စုပေါင်းကျခံပြန်လည်ထည့်သွင်းခြင်း။

**(ခ) အစုအဖွဲ့ဖြင့်ဆောင်ရွက်မှုပုံစံ (၂)**

၁။ သွင်းအားစုများဝယ်ယူခြင်းနှင့်ထုတ်ကုန်များရောင်းချခြင်းကို စုပေါင်းဝယ်ယူခြင်း (Collective Purchasing)၊ စုပေါင်းရောင်းချခြင်း (Collective Selling) စနစ်ဖြင့်ရောင်းချခြင်း၊

၂။ လုပ်ငန်းလည်ပတ်မှုကို အိမ်ထောင်စုတစ်စုချင်းအလိုက် တာဝန်ယူ ဆောင်ရွက်ခြင်း၊

၃။ (၁)လလျှင် (၀.၅%) အတိုးနှုန်းဖြင့် ထုတ်လုပ်မှုစက်ဝန်းတစ်ခုပြီးတိုင်း အတိုးငွေနှင့်အရင်းငွေအား အဖွဲ့သို့ပြန်လည်ထည့်ဝင်ခြင်း၊ သို့ရာတွင် နွားမွေးမြူရေးကဲ့သို့သော နှစ်ရှည်လုပ်ငန်းမျိုးဖြစ်ပါက တစ်နှစ်တစ်ကြိမ် အတိုး နှုန်းအားထည့်ဝင်ခြင်း၊

၄။ ဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကာယကံရှင် (အိမ်ထောင်စု) မှတာဝန်ယူ၍ ပြန်လည်ထည့်ဝင်ခြင်း၊

၅။ တစ်ဦးချင်းလုပ်ငန်းဆောင်ရွက်မှုများကို အဖွဲ့လိုက်စောင့်ကြည့်စစ်ဆေးခြင်း နှင့်ကူညီခြင်း။

၈၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ရာ၌ အဓိက တာဝန်ယူထားသော မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း (၁) ဦး အား မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံအဖြစ် တာဝန်ပေးအပ်ထားရမည်။

၈၃။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ် လုပ်ငန်းအဖွဲ့နှင့် မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံတို့သည် လိုအပ်သည့် သတင်း အချက်အလက်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ထောက်ပံ့ပေးနိုင်ရန်၊ သွင်း

အားစု/ ထုတ်ကုန်များအား ရောင်း/ဝယ်သူ၊ ဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်ပေးနိုင်ရန် အတွက် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၊ ကျေးရွာလုပ်ငန်းအဖွဲ့တို့နှင့်ပူးပေါင်း၍ အစည်း အဝေးပြုလုပ်ရမည်ဖြစ်ပါသည်။

၈၄။ အဆိုပါအစည်းအဝေးတွင် မြို့နယ်လုပ်ငန်းအဖွဲ့၊ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ် အသက်မွေးဝမ်းကျောင်းတာဝန်ခံတို့သည် လုပ်ငန်းအဆိုပြုလွှာများစုစည်း၍ အသက်မွေးဝမ်း ကျောင်းအဖွဲ့များနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအဖွဲ့ တစ်ဖွဲ့ချင်းအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအတွက် လိုအပ်သည့် နည်းပညာအထောက်အပံ့များ၊ဈေးကွက်ချိတ်ဆက်ခြင်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း များဆောင်ရွက်နိုင်ရန်လုပ်ငန်းအစီအစဉ်များဆွေးနွေးတိုင်ပင်ရေးဆွဲရမည်ဖြစ်ပါသည်။ အဖွဲ့ဝင် များထံမှအကြံပြုချက်များ ရယူ၍ ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရမည်ဖြစ်သည်။

## လုပ်ငန်းပြောင်းလဲဆောင်ရွက်ခြင်း

၈၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ယခင်စီမံကိန်းစက်ဝန်းတွင် ဆောင်ရွက်ခဲ့ သောလုပ်ငန်းများအား ပြောင်းလဲဆောင်ရွက်လိုပါက ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ပြောင်းလဲဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားတူ ပြောင်းလဲဆောင်ရွက်ခြင်း (ဥပမာ- မွေးမြူရေးလုပ်ငန်းတစ်ခုမှ အခြားမွေးမြူရေးလုပ်ငန်းတစ်ခု၊ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုမှ အခြားစိုက်ပျိုးရေးလုပ်ငန်းတစ်ခု) ဖြစ်ပါက ပြောင်းလဲဆောင်ရွက်မည့်လုပ်ငန်းအဆိုပြုလွှာအား မြို့နယ်လုပ်ငန်းအဖွဲ့မှစိစစ်၍ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာန၏ အတည်ပြုချက် ဖြင့်ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပြောင်းလဲခွင့်ပြုထားမှုအား ကျေးလက်ဦးစီးဌာန (ရုံးချုပ်)ထံ မှတ်တမ်းထားရှိနိုင်ရေး ချက်ချင်းတင်ပြရမည်။

၈၆။ အကယ်၍ လုပ်ငန်းအမျိုးအစားမတူ ပြောင်းလဲဆောင်ရွက်ခြင်း (ဥပမာ- မွေးမြူရေး လုပ်ငန်းမှ စိုက်ပျိုးရေးလုပ်ငန်း) ဖြစ်ပါက ပြောင်းလဲဆောင်ရွက်မည့်လုပ်ငန်းအဆိုပြုလွှာအား မြို့နယ်လုပ်ငန်းအဖွဲ့မှစိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်မှုကော်မတီမှတဆင့် ကျေး လက်ဦးစီးဌာန(ရုံးချုပ်)ထံတင်ပြအတည်ပြုချက်ရယူ၍ ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။

## ဆောင်ရွက်သည့်လုပ်ငန်းပုံစံပြောင်းလဲခြင်း

၈၇။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် လုပ်ငန်းဆောင်ရွက်သည့်ပုံစံအား ပြောင်းလဲဆောင်ရွက်လိုပါက ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ပြောင်းလဲဆောင်ရွက်ရာတွင် ပုံစံ(၁)ဖြစ်သည့် လုပ်ငန်းတစ်ခုလုံးအား အစုအဖွဲ့ပုံစံဖြင့်ဆောင်ရွက်ခြင်းမှ ပုံစံ (၂)ဖြစ်သည့် စုပေါင်းဝယ်ယူခြင်းနှင့် စုပေါင်းရောင်းချခြင်းကိုသာ အစုအဖွဲ့ပုံစံဖြင့်ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ်မှုအား အိမ်ထောင်စုတစ်စုချင်းမှ ဆောင်ရွက်သည့်ပုံစံသို့လည်းကောင်း၊ ပုံစံ (၂)မှ ပုံစံ(၁)သို့လည်းကောင်းပြောင်းလဲဆောင်ရွက်ပါက မြို့နယ်လုပ်ငန်းအဖွဲ့မှစိစစ်၍ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာန၏ အတည်ပြုချက်ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပြောင်းလဲခွင့်ပြုထားမှုအား ကျေးလက်ဦးစီးဌာန (ရုံးချုပ်)ထံ မှတ်တမ်းထားရှိနိုင်ရေး ချက်ချင်းတင်ပြရမည်။

## အသက်မွေးဝမ်းကျောင်းအဖွဲ့ပြောင်းလဲဆောင်ရွက်ခြင်း

၈၈။ ပြောင်းလဲဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့သည် ချေးငွေနှင့် အတိုးရငွေများအား ကျေးရွာလုပ်ငန်းအဖွဲ့ထံ ပြန်လည်ပေးသွင်း၍ ငွေစာရင်းရှင်းလင်းရမည်ဖြစ်သည်။ ယင်းချေးငွေနှင့်အတိုးရငွေလက်ခံရရှိ၍ ငွေစာရင်းရှင်းလင်းပြီးမှသာ အဆိုပါအစုအဖွဲ့အား နှုတ်ထွက်ခွင့်ပြုရမည်။ အကယ်၍ ချေးငွေနှင့် အတိုးရငွေများ ပြန်လည်ပေးဆပ်ခြင်းမရှိပါက စာချုပ်ပါစည်းကမ်းအတိုင်းအရေးယူခြင်းခံရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များ ပြောင်းလဲဆောင်ရွက်မည်ဆိုပါက အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ပြောင်းလဲဆောင်ရွက်လိုသည့်အဖွဲ့သည် ကျေးရွာလုပ်ငန်းအဖွဲ့မှတဆင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ အနည်းဆုံး (၂)ပတ်ကြိုတင်အကြောင်းကြားခြင်း၊

(ခ) ကျေးရွာလုပ်ငန်းအဖွဲ့သည် အစားထိုးဆောင်ရွက်မည့်အသက်မွေးဝမ်းကျောင်းအဖွဲ့အား ရွေးချယ်၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံ အကြောင်းကြားခြင်း၊

(ဂ) မြို့နယ်လုပ်ငန်းအဖွဲ့သည် အစားထိုးဖွဲ့စည်းမည့် အဖွဲ့အားစိစစ်၍ အဖွဲ့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် ကျေးလက်ဦးစီးဌာန (ရုံးချုပ်)ထံ အဖွဲ့ပြောင်းလဲ ဆောင်ရွက်ရသည့်အကြောင်းရင်းနှင့်အတူ အဖွဲ့၏ငွေစာရင်းရှင်းတမ်းအား တင်ပြခြင်း၊

(ဃ) ကျေးလက်ဦးစီးဌာန (ရုံးချုပ်)၏ အတည်ပြုချက်ရရှိပါက အစားထိုးအဖွဲ့၏ လုပ်ငန်းအဆိုပြုလွှာအား မြို့နယ်လုပ်ငန်းအဖွဲ့မှစိစစ်၍ ကျေးလက်ဦးစီးဌာန (ရုံးချုပ်)ထံ တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

(င) ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ပြောင်းလဲဖွဲ့စည်းခဲ့သည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ အသစ်အကြား ချေးငွေသဘောတူစာချုပ်အား အသစ်ပြန်လည်ချုပ်ဆိုရမည်။

(စ) ကျေးရွာလုပ်ငန်းအဖွဲ့တွင် နှုတ်ထွက်သွားသည့်ကိုယ်စားလှယ်(၁)ဦးအစား အသစ်ဝင် ရောက်လာသည့်အဖွဲ့မှ ကိုယ်စားလှယ် (၁)ဦးအား အစားထိုးခန့်အပ်ရမည်။

**အဖွဲ့ဝင်ပြောင်းလဲဆောင်ရွက်ခြင်း**

၈၉။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူသည် ချေးငွေလက်ခံရယူပြီးနောက် နှုတ်ထွက်ခဲ့ပါက နှုတ်ထွက်သွားသော အဖွဲ့ဝင်ချေးယူထားသော ချေးငွေနှင့်ကျသင့်အတိုးငွေအား အသက်မွေးဝမ်းကျောင်းအဖွဲ့ထံပြန်လည်ပေးသွင်းရမည်။ ယင်းချေးငွေနှင့် အတိုးရငွေ လက်ခံရရှိပြီးမှသာ နှုတ်ထွက်ခွင့်ပြုရမည်။ အကယ်၍ ပြန်လည်ပေးဆပ်ခြင်းမရှိပါက စာချုပ်ပါစည်းကမ်းအတိုင်း အရေးယူခြင်းခံရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် (၁)လအတွင်း နှုတ်ထွက်သွားသော အဖွဲ့ဝင်နေရာတွင် အဖွဲ့ဝင်အသစ်ဖြင့် အစားထိုးရမည်။ အကယ်၍ နှုတ်ထွက်သွားသောအဖွဲ့ဝင်သည် အဖွဲ့ကိုယ်စားတာဝန်ခံ၍ စာချုပ်၏ငွေချေးသူနေရာတွင် လက်မှတ်ထိုးထားသူဖြစ်ပါက စာချုပ်အားအသစ်ပြန်လည်ချုပ်ဆိုရမည်။ ထိုသို့ချုပ်ဆိုရာတွင် မူလစာချုပ်သက်တမ်းပါ ကျန်ရှိသည့်သက်တမ်းကာလနှင့် ချိန်ညှိ၍ ပြင်ဆင်ချုပ်ဆိုရမည်ဖြစ်သည်။ အစားထိုးဝင်ရောက်မည့်အဖွဲ့ဝင်သည် အောက်ဖော်ပြပါ စံနှုန်းများနှင့် ကိုက်ညီရ မည်-

(က) အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အတည်ပြုထားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင် လိုသော ဆန္ဒရှိရမည်၊

(ခ) အမှန်တကယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်သူဖြစ်ရမည်၊

(ဂ) အစားထိုးခံရမည့် အဖွဲ့ဝင်အား အသက်မွေးဝမ်းကျောင်းအဖွဲ့ အဖွဲ့ဝင်များက ကြိုဆိုပြီး စိတ်ကျေနပ်မှုရှိရမည်၊

(ဃ) အစားထိုးခံရသည့်အဖွဲ့ဝင်သည် အခြားသော အသက်မွေးဝမ်းကျောင်း အဖွဲ့တွင် အဖွဲ့ဝင်မဖြစ်စေရပါ၊

၉၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်ပြောင်းလဲဆောင်ရွက်ပါက မြို့နယ်လုပ်ငန်းအဖွဲ့မှ စိစစ်၍ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာန၏ အတည်ပြုချက်ဖြင့် ပြောင်းလဲ ဆောင်ရွက်နိုင် သည်။

**သတင်းအချက်အလက်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများထောက်ပံ့ပေးခြင်း**

၉၁။ အသက်မွေးဂမ်းကျောင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ထောက်ပံ့မှုများဖြစ်သော သတင်းအချက်အလက် အထောက်အကူပြုပစ္စည်းများ၊ နည်းပညာများနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ ဈေးကွက် ချိတ်ဆက်ခြင်းစသည့် သင်တန်းများပို့ချပေးခြင်းတို့ကို မြို့နယ် ကျေးလက်စီးပွားမြင့်မားရေး လုပ်ငန်းအဖွဲ့နှင့် မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံတို့မှ ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ အသက်မွေးဂမ်း ကျောင်းအဖွဲ့များ လိုအပ်နေသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား ကူညီပံ့ပိုးပေးနိုင်မည့် အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးနိုင်သူများနှင့်ချိတ်ဆက်နိုင်စေရန် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ဂက်မွေးမြူရေး၊ ကြက်မွေးမြူရေး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများနှင့် သီးနှံစိုက်ပျိုး ရေးကဲ့သို့ ယေဘုယျအသက်မွေးဂမ်းကျောင်းလုပ်ငန်းများအတွက် သတင်းအချက် အလက်၊ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးခြင်း။

(ခ) ထပ်မံလိုအပ်လာသောအရာများနှင့် ရနိုင်သောအထောက်အပံ့များအပေါ် မူတည် ပြီး မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံမှ အသက်မွေးဂမ်းကျောင်း အဖွဲ့များ အား မြို့နယ်အတွင်းရှိ ကူညီထောက်ပံ့ပေးနိုင်သောဦးစီးဌာန (သို့) အဖွဲ့အစည်း များနှင့် ချိတ်ဆက်ပေးခြင်း။

**သွင်းအားစု/ထုတ်ကုန်များအား ရောင်း/ဝယ်သူ၊ ဝန်ဆောင်မှုပေးသူများနှင့်ချိတ်ဆက်ပေးခြင်း၊**

၉၂။ အသက်မွေးဂမ်းကျောင်းအဖွဲ့များသည် အသစ်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင် များ၏ စွမ်းဆောင်ရည်သည် အကန့်အသတ်ရှိနေနိုင်သောကြောင့် မြို့နယ်အသက်မွေးဝမ်း ကျောင်းတာဝန်ခံမှ သွင်းအားစုရောင်းချသူများ၊ ဂယ်ယူမည့်သူများ၊ ဂန်ဆောင်မှုပေးနိုင်သူများ နှင့် အောက်ပါအတိုင်းကူညီ ချိတ်ဆက်ပေးနိုင်သည်-

(က) **သွင်းအားစုရောင်းချသူ** ဆိုသည်မှာ ကျေးရွာအတွင်းရှိသော ပုဂ္ဂလိကလုပ်ငန်းများ၊ မြို့နယ်အတွင်း အခြေချလုပ်ကိုင်နေသောစီးပွားရေးလုပ်ငန်းများ၊ ကုန်ကြမ်း

ထုတ်လုပ် သောလုပ်ငန်းများဖြစ်နိုင်သည်။ သွင်းအားစုရောင်းချသူများအကြားတွင် စျေးနှုန်း ကွာဟချက်များရှိနေနိုင်သောကြောင့် အသက်မွေးဝမ်းကျောင်းအဖွဲ့သည် မြို့နယ် အသက်မွေးဝမ်းကျောင်းတာဝန်ခံ၏ အကြံပြုချက်ကိုရယူ၍ အသင့်လျော်ဆုံးသော သွင်းအားစုပေးနိုင်သည့် ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်၊

( ခ) **ထုတ်ကုန်ဝယ်ယူမည့်သူ** ဆိုသည်မှာ အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ထုတ်လုပ်သော ထုတ်ကုန်များကိုဝယ်ယူရန်စိတ်ဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အခြေချလုပ်ကိုင်နေသောစီးပွားရေးလုပ်ငန်းရှင်များဖြစ်နိုင်သည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များထံမှထွက်ကုန်များ ဝယ်ယူနိုင်ခြေရှိသောပုဂ္ဂိုလ်များ အများအပြားရှိနိုင်သဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် အသင့်လျော်ဆုံးသော ဝယ်ယူသူထံရောင်းချရမည်။ ထိုသို့ရောင်းချနိုင်ရန်အတွက် မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးလုပ်ငန်းအဖွဲ့နှင့် မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံတို့မှ ကူညီဆောင်ရွက်ပေးရမည်၊

( ဂ) **ဝန်ဆောင်မှုပေးသူ**ဆိုသည်မှာ (၁) တာဝန်ပေးထားသောအစိုးရဝန်ထမ်းများ၊ (၂) အခကြေးငွေယူ၍ ဝန်ဆောင်မှုပေးသောပုဂ္ဂလိကလုပ်ငန်းများ၊ (၃) အခကြေးငွေမယူသော (သို့မဟုတ်) အခကြေးငွေအနည်းငယ်သာယူသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများစသည့်တို့ဖြစ်ကြသည်။ အဆိုပါ ဝန်ဆောင်မှုပေးသူများသည် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအဖွဲ့ များအား-

၁။ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊

၂။ တိရိစ္ဆာန်မွေးမြူရေးနှင့် သီးနှံစိုက်ပျိုးခြင်းတို့တွင် ကြုံတွေ့ရသောရောဂါများ၊ အခက်အခဲများအတွက် သင့်လျော်သောဖြေရှင်းနည်းများ၊

၃။ ထပ်ဆောင်းသွင်းအားစုများအတွက် ရနိုင်သောအရင်းအမြစ်များ၊

၄။ အခြားဝန်ဆောင်မှုပေးနိုင်သူများ၊ သွင်းအားစုပေးနိုင်သူများ (သို့) ထုတ်ကုန်ဝယ်ယူမည့်သူများနှင့် ချိတ်ဆက်ပေးခြင်းစသည်တို့ကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## အဆင့်ခွဲ (၁၄) - ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်း

၉၃။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် သွင်းအားစု/ပစ္စည်းများဝယ်ယူရာတွင် အစုအဖွဲ့ဖြင့် အရည်အသွေးပြည့်ဝသော သွင်းအားစု/ပစ္စည်းများအား ဝယ်ယူရမည်ဖြစ်ပါသည်။ သွင်းအားစု/ ပစ္စည်းများ ဝယ်ယူသည့်အခါ အစုအဖွဲ့အလိုက်လုပ်ဆောင်တတ်စေရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တတ်စေရန် မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့မှ ကူညီဆောင်ရွက်ပေးရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် သွင်းအားစု/ပစ္စည်းများ ဝယ်ယူရေးမလုပ်ဆောင်မီ မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့၏ အကူအညီကိုရယူ၍ သွင်းအားစု/ပစ္စည်း ဝယ်ယူရရှိနိုင်သောနေရာများ၊ အရည်အသွေး၊ စံချိန်စံညွှန်း၊ ဈေးနှုန်း၊ လိုအပ်သော ပမာဏရနိုင်/မရနိုင်နှင့် သယ်ယူပို့ဆောင်ရန်လွယ်ကူမှုရှိ/မရှိတို့ကို စုံစမ်းမေးမြန်းရမည်ဖြစ်ပြီး ဒေသတွင်း ဈေးကွက်ကိုထိခိုက်မှုမရှိစေပဲ ဝယ်ယူနိုင်ရန်အတွက် အဖွဲ့ဝင်များနှင့်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ကို သေချာရေးဆွဲရမည်။

၉၄။ ထို့အပြင် အသက်မွေးဝမ်းကျောင်းအဖွဲ့(၁)ဖွဲ့ချင်းစီအလိုက် ရွေးချယ်ထားသည့် ဈေးကွက်ရှာဖွေချိတ်ဆက်သူ (၁)ဦးအား အဖွဲ့ကိုယ်စား အဖွဲ့အလိုက် သွင်းအားစု/ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်။ ဈေးကွက်ရှာဖွေချိတ်ဆက်သူသည် ဝယ်ယူမည့် သွင်းအားစု/ ပစ္စည်းများ အရည်အသွေးကောင်းရစေရန်၊ လိုအပ်သောအရေအတွက်ရစေရန်၊ ပစ္စည်းပို့ဆောင်မည့်ပုံစံနှင့် ဈေးနှုန်းတို့ကိုညှိနှိုင်းနိုင်ရန်အတွက် ဖြစ်နိုင်ချေရှိသော သွင်းအားစု ရောင်းချသူများနှင့် တွေ့ဆုံရမည်။ ဈေးကွက်ရှာဖွေချိတ်ဆက်သူသည် ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသော အခါပစ္စည်း/ သွင်းအားစုများကို အဖွဲ့ဝင်များသို့ ပွင့်လင်းမြင်သာမှုရှိစွာ ပြန်လည်ရှင်းလင်းပြရမည်။

၉၅။ သတင်းအချက်အလက်များ ပြည့်စုံစွာ စုံစမ်းသိရှိရပြီးနောက်တွင် အသက်မွေးဝမ်းကျောင်း အဖွဲ့များသည် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ခံတို့၏ အကူအညီဖြင့် အဖွဲ့အစည်းအဝေးကျင်းပပြီး သွင်းအားစု/ပစ္စည်းများ ရောင်းချသူကို ရွေးချယ်ဆုံးဖြတ်ကြရမည်။ သွင်းအားစု/ပစ္စည်းများ ရောင်းချသူရွေးချယ်ရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားပြီးဆုံးဖြတ်ချက်ချရွေးချယ်ရမည်-

(က) သွင်းအားစု/ပစ္စည်းရောင်းချသူများသည် သတ်မှတ်ထားသော စံသတ်မှတ် ချက် အရည်အသွေးနှင့် ကိုက်ညီပြီး၊ လိုအပ်သည့်သွင်းအားစု ပမာဏကို ပံ့ပိုးပေး နိုင်သူဖြစ်ရမည်၊

( ခ) သွင်းအားစုရောင်းချသူအများစုသည် ဈေးကွက်ပေါက်ဈေးအတိုင်းသာ ရောင်းချ ပါက ဈေးအနည်းဆုံးကိုရွေးချယ်ရမည်။ ကုန်ကျစရိတ်တွက်ချက်ရာတွင်ပစ္စည်းကို ကျေးရွာသို့ အရောက်သယ်ပို့ကုန်ကျစရိတ်ကိုပါထည့်တွက်ရမည်။ သတ်မှတ်စံချိန် စံညွှန်း၊ အရည်အသွေးနှင့်ပြည့်မီပြီး သယ်ယူကုန်ကျစရိတ်အနည်းဆုံး ဖြစ်သည့် သွင်းအားစု/ပစ္စည်းရောင်းချသူကို ဦးစားပေးရွေးချယ်ရမည်။

(ဂ) ဝယ်ယူရမည့်ပစ္စည်း၏ ဈေးနှုန်းသည် ဈေးကွက်ပေါက်ဈေးထက်မြင့်မားနေပါက (သို့) အဖွဲ့မှ တတ်နိုင်သောဈေးနှုန်းထက် အလွန်များနေပါက မြို့နယ်အတွင်းရှိ အခြား သော သွင်းအားစု/ပစ္စည်းရောင်းချသူများထပ်မံရှာဖွေရမည်။

(ဃ) သွင်းအားစု/ပစ္စည်းရောင်းချသူ တစ်ဦးတည်းထံမှ လိုအပ်သော သွင်းအားစု ပမာဏ အားလုံးမရရှိပါက အရည်အသွေးပြည့်ဝသော သွင်းအားစုများပေးနိုင်မည့် အခြား သွင်းအားစု/ ပစ္စည်းရောင်းချသူများကို ရွေးချယ်ဆောင်ရွက်ရမည်။

**သွင်းအားစုဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ပစ္စည်းစစ်ဆေးခြင်း**

၉၆။ သွင်းအားစုရောင်းချသူအားရွေးချယ်ပြီးပါက အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ကျေးရွာလုပ်ငန်းအဖွဲ့၏အကူအညီဖြင့်-

(က) သွင်းအားစုရောင်းချသူများနှင့် ပစ္စည်းအရည်အသွေး၊ အရေအတွက်နှင့် ဈေးနှုန်း များကို သေချာညှိနှိုင်းဆွေးနွေးရမည်။ ထို့အပြင် ပျက်စီးနိုင်သော သွင်းအားစု/ ပစ္စည်းများအတွက် အာမခံထားရှိပေးရန်နှင့် အစားထိုးပြန်ပေးရန်ကိစ္စများအား သွင်းအားစု/ ပစ္စည်းရောင်းချသူနှင့် ရှင်းရှင်းလင်းလင်း ဆွေးနွေးညှိနှိုင်းထားရမည်၊

( ခ) ပစ္စည်းသယ်ယူပို့ဆောင်မည့်ပုံစံနှင့် ပေးပို့ရမည့်အချိန်တို့ကို သဘောတူညီချက် ရယူထား ရမည်၊

( ဂ) ပစ္စည်းပို့ဆောင်လာလျှင် ဈေးကွက်ရှာဖွေချိတ်ဆက်သူမှ သွင်းအားစု/ပစ္စည်း ရောင်းချသူ နှင့်သဘောတူညီထားချက်နှင့်ကိုက်ညီမှုရှိ/မရှိကိုစစ်ဆေးရမည်၊

(ဃ) ပို့ဆောင်လာသည့်လက်ခံရရှိသောပစ္စည်းများအတွက်သာငွေပေးချေရမည်၊

(င) မွေးမြူရေးလုပ်ငန်းအတွက် တိရိစ္ဆာန်များဝယ်ယူရာတွင် တိရိစ္ဆာန်ကုသရေး ဆရာဝန်၊ လေ့ကျင့်သင်ကြားထားသော တိရိစ္ဆာန်ကျန်းမာရေးလုပ်သား(သို့) ကျေးရွာရှိအတွေ့အကြုံရှိသူများမှ တိရိစ္ဆာန်များ၏ ကျန်းမာရေးကို စစ်ဆေးပြီး လက်ခံနိုင်သော အဆင့်ရှိမှ ဝယ်ယူ/ ငွေချေခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။

(စ) ထို့အတူ စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုးစေ့၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည်တို့ဝယ်ယူရာတွင်လည်း သတ်မှတ်စံချိန်၊ စံညွှန်းများပြည့်မီမှုရှိ/မရှိ စစ်ဆေးရန်လိုအပ်ပါသည်။

(ဆ) သွင်းအားစုအားလုံးသည် အခြေအနေကောင်းမွန်သည်ဆိုပါက အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ သဘောတူညီထားရှိသည့် သွင်းအားစုဖြန့်ဖြူးမှုပုံစံအတိုင်း ဖြန့်ဖြူးရမည်။

**ငွေစာရင်းရှင်းတမ်းအား ပြင်ဆင်ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း**

၉၇။ စီမံကိန်းရန်ပုံငွေနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ကိုယ်ပိုင်ထည့်ဝင်ငွေတို့ဖြင့် သုံးစွဲထားမှုအား ငွေစာရင်းရှင်းလင်းနိုင်ရန် အောက်ပါအဆင့်များအတိုင်း လုပ်ဆောင်ရမည်-

(က) **လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်း**

မည့်သည့်ပစ္စည်းများအားထောက်ပံ့ငွေနှင့် ဝယ်ယူမည်ဆိုသည်ကို အဖွဲ့ဝင်များအကြား သဘောတူညီမှုရယူထားရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် ထောက်ပံ့ငွေနှင့် ဝယ်ယူထားသော ပစ္စည်းအမျိုးအမည်များနှင့် အဖွဲ့မှ ကိုယ်ပိုင်ထည့်ဝင်ငွေဖြင့် ဝယ်ယူထားသော ပစ္စည်းအမျိုးအမည်များဟူ၍ ပုံစံ (၂) မျိုးဖြင့် စာရင်းပြုစုထားရမည်၊

(ခ) **ကုန်စည်ပစ္စည်းစာရင်းနှင့် ဝန်ဆောင်မှုစာရင်းများအား စာရင်းပြုစုခြင်း**

အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များမှဝယ်ယူထားသော သွင်းအားစု/ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုစာရင်းပြုစုရမည်။ ၎င်းပစ္စည်းနှင့်ဝန်ဆောင်မှုများသည် သွင်းအားစု/ ပစ္စည်းရောင်းချသူနှင့် သဘောတူညီမှုပြုလုပ်ထားသော အရည်အသွေးနှင့် အရေအတွက်များအတိုင်း ကိုက်ညီမှုရှိ/မရှိကိုစစ်ဆေး၍ စာရင်းပြုစုထားရမည်၊

(ဂ) **ရငွေ/ပေးငွေများအတွက်လက်ခံပြေစာများနှင့်စာရွက်စာတမ်းများ ပြင်ဆင်ခြင်း**

ရငွေ/ပေးငွေများအတွက် သက်သေအထောက်အထားများရှိနေစေရန် ငွေပေး/ငွေရ ပြေစာ၊ သွင်းအားစု/ပစ္စည်းများ လွှဲပြောင်းလက်ခံပြေစာများတွင် သေချာစွာဖြည့်သွင်း၍ လက်မှတ်ရေးထိုးပြီး စာရွက်စာတမ်းများအား မပျောက်ပျက်၊ မပျက်စီးအောင် သေချာစွာထိန်းသိမ်းရမည်။ အချို့သောကိစ္စများတွင် ငွေလက်ခံပြေစာ (ဘောင်ချာ) မရနိုင်သည့်အခါ လက်ရေးဖြင့်ရေးထားသော ငွေလက်ခံရရှိကြောင်း အသိအမှတ်ပြုစာရွက်စာတမ်းဖြင့်ပြင်ဆင်နိုင်ပြီး သွင်းအားစုရောင်းချသူဘက်မှအသိသက်သေတစ်ယောက်နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ဘက်မှ ငွေလက်ခံသူ/ငွေပေးသူမဟုတ်သော အခြားအသိသက်သေ တစ်ယောက်တို့မှ လက်မှတ်ထိုးပေးရမည်။

**အဆင့်ခွဲ (၁၅) - ထုတ်ကုန်များအားရောင်းချခြင်း**

၉၈။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် အဖွဲ့လိုက်ဈေးကွက်တင် ရောင်းချခြင်းသည် အတွေ့အကြုံသစ်ဖြစ်သည့်အတွက် မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့မှ အသက်မွေးဝမ်းကျောင်းအဖွဲ့များအား ထုတ်ကုန်ပစ္စည်းများ စုစည်းခြင်း၊ သင့်လျော်သည့် ရောင်းချမည့်သူအားရွေးချယ်ခြင်းနှင့် အကျိုးအမြတ်ရရှိစေခြင်းတို့ကို လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။ စုပေါင်းရောင်းချခြင်းဆိုင်ရာ နည်းပညာများအား သင်တန်းပေးခြင်း၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးခြင်း၊ စုပေါင်းရောင်းချပွဲများစီစဉ်ပေးခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အချိန်ကိုက်စီစဉ် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သွင်းအားစု/ပစ္စည်းများ ဝယ်ယူစဉ်တွင်ဆောင်ရွက်သကဲ့သို့ ဈေးကွက်တင်ပို့ ရောင်းချရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိစွာ (အထူးသဖြင့် ငွေပေးချေသည့် ကိစ္စများတွင်) ဆောင်ရွက်ရမည်။

**ဈေးကွက်တင်ပို့ရောင်းချခြင်းနည်းလမ်း**

၉၉။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆိုပြုလွှာများပေါ်မူတည်ပြီး ယေဘုယျအားဖြင့် ဈေးကွက်တင်ပို့ရောင်းချခြင်းနည်းလမ်း (၃) မျိုးရှိသည်။ ၎င်းတို့မှာ -

- ထုတ်လုပ်မှုစက်ဝန်းတစ်ခုတွင်တစ်ကြိမ်သာရောင်းချခြင်း (ဥပမာ - မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ သေချာသော စိုက်ပျိုးရေးထုတ်လုပ်ခြင်းလုပ်ငန်း)၊

- ထောက်ပံ့ငွေကိုအရင်းအနှီးပြုလုပ်၍ ထုတ်လုပ်မှုစက်ဝန်းတစ်ခုအတွင်းတွင် အကြိမ်များစွာရောင်းချခြင်း (ဥပမာ - အချိန်တိုအတွင်း ငွေပေါ်သော သီးနှံစိုက်ပျိုးခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လက်မှုပညာလုပ်ငန်းများနှင့် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းများ)၊
- ပုံမှန်ထုတ်လုပ်ရောင်းချခြင်း (ဥပမာ - ငါးဖမ်းခြင်းလုပ်ငန်း)၊

## ထုတ်ကုန်ဝယ်ယူမည့်သူများ၊ ပေါက်စျေးနှင့် ကြိုတင်စီစဉ်မှုများပြုလုပ်ခြင်း

၁၀၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ဈေးကွက်တင်ပို့ရောင်းချမည့် ကုန်ပစ္စည်းစာရင်းများ၏ ပစ္စည်းအမည်နှင့် အသေးစိတ်ဖော်ပြချက်များအား ပြည့်စုံစွာစာရင်းပြုစုထားရမည်။ မိမိတို့အဖွဲ့၏ထုတ်ကုန်များအား ဈေးကွက်တင်ပို့ရောင်းချရမည့်အချိန် နီးကပ်လာပါက အောက်ပါကိစ္စများကို ကြိုတင်စုံစမ်းထားရမည်-

(က) ဒေသတွင်းရှိရောင်းချနိုင်သောဝယ်ယူသူများနှင့် ၎င်းတို့အားဆက်သွယ်ရမည့်ပုံစံ၊

( ခ) ၎င်းတို့ထုတ်ကုန်များ၏ဈေးကွက်ပေါက်ဈေး၊

( ဂ) ဈေးကွက်ထဲရှိ၎င်းတို့ထုတ်ကုန်နှင့်ပုံစံတူသောပစ္စည်းများ၏အရည်အသွေး၊

(ဃ) ပစ္စည်းကိုလာရောက်သယ်ယူရန် (သို့) ပို့ဆောင်ပေးရန်စီစဉ်မှုများ။

(င) ငွေပေးချေ/ ရယူမည့်နည်းလမ်း

## သင့်တော်သည့်အကောင်းမွန်ဆုံး ဝယ်ယူသူကို ရှာဖွေရွေးချယ်ခြင်း

၁၀၁။ တစ်ဦးတစ်ယောက်ချင်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်နှိုင်းယှဉ်လျှင် အစုအဖွဲ့လိုက်လုပ်ကိုင်ရခြင်း၏ ပိုမိုအားသာသည့်အချက်များမှာ အစုအဖွဲ့သည် သိသိသာသာပိုမိုများပြားသော ထုတ်ကုန်ပမာဏကို ထုတ်ပေးနိုင်သည့်အပြင် ထုတ်ကုန်ကိုမပြတ်လပ်သွားအောင် ပုံမှန်ထုတ်လုပ်ပေးနိုင်စွမ်းရှိပါသည်။ ထိုအချက်များသည် အသက်မွေးဝမ်းကျောင်းအဖွဲ့အား ပိုမိုအင်အားကောင်းစေခြင်း (သို့) ဈေးယှဉ်ပြိုင်နိုင်စွမ်းပိုမိုအားကောင်းစေပြီး ဈေးပိုရစေနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် ၎င်းတို့ပစ္စည်း၏တန်ဖိုးကို ၎င်းတို့ကိုယ်တိုင်သေချာနားလည်ရန် အရေးကြီးပါသည်။ ညှိနှိုင်းမှုများပြုလုပ်ပြီး ဒေသဈေးကွက်ကိုစုံစမ်းလေ့လာမှုများ ပြုလုပ်ပြီးမှသာ ဆုံးဖြတ်ချက်များချမှတ်ရမည်။ အသက်မွေးဝမ်းကျောင်း အဖွဲ့များလုပ်ဆောင်ရမည့်အဆင့်များမှာ-

(က) ဒေသတွင်းရှိ ဝယ်ယူသူများနှင့်တွေ့ဆုံပြီး ၎င်းတို့အား မိမိထုတ်ကုန်၏ စံနှုန်း၊ အရေအတွက်နှင့် အဖွဲ့၏ဖြစ်နိုင်ချေရှိသော ပစ္စည်းပုံမှန်ထုတ်လုပ်ပေးနိုင်မှုတို့ကို ရှင်းလင်းစွာ ပြောဆိုဆွေးနွေးရမည်၊

( ခ) ဝယ်ယူမည့်သူများအား အဖွဲ့၏ထုတ်ကုန်များကို ဈေးမည်မျှပေးနိုင်မည်ကို မေးမြန်းပြီး ရောင်းချရန်ရှိသော ထုတ်ကုန်အား အကောင်းဆုံးဈေးရနိုင်ရန် ညှိနှိုင်းရမည်၊

(ဂ) အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့၏ အကြံဉာဏ်ကိုရယူ၍ အကျိုးအမြတ် အများ ဆုံးပေးသော ထုတ်ကုန်ရောင်းချရမည့်သူကိုဆုံးဖြတ်ရမည်၊

(ဃ) အသက်မွေးဝမ်းကျောင်းအဖွဲ့သည် အဖွဲ့၏ထုတ်ကုန်များအား ဈေးကောင်းပေး၍ ဝယ်ယူမည့်သူမရှိပါက မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့၏ ပံ့ပိုးမှုဖြင့် နောက်ထပ်ရွေးချယ်စရာအချက် (သို့) ရွေးချယ်စရာ ဈေးကွက်နေရာအသစ်ကို ရှာဖွေရမည်။

## ဈေးကွက်တင်ပို့ရန် အစီအစဉ် နောက်ဆုံးအပြီးသတ်ပြင်ဆင်ခြင်း

၁၀၂။ ထုတ်ကုန်ပစ္စည်းများရောင်းချရန်ရွေးချယ်ထားသည့် ဝယ်ယူမည့်သူအား အဖွဲ့ဝင်များ အကြား သဘောတူညီချက်ရရှိပါက ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ဈေးကွက်ရှာဖွေချိတ်ဆက်သူတို့မှ ထုတ်ကုန် ပစ္စည်းဝယ်ယူမည့်သူနှင့် ပစ္စည်းလာယူရန် (သို့) ပို့ပေးရန် အစီအစဉ်နှင့် ရက်စွဲတို့ကို သတ်မှတ်ရမည်။ မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့အနေ ဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စောင့်ကြည့် ကြီးကြပ်ရမည်ဖြစ်ပြီး လိုအပ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့ထံမှ အကြံဉာဏ်ရယူရမည် ဖြစ်ပါသည်။

## ထုတ်ကုန်ပစ္စည်းများကိုဝယ်ယူမည့်သူထံသို့သယ်ယူပို့ဆောင်ပေးခြင်းနှင့်ငွေလက်ခံခြင်း

၁၀၃။ ဈေးကွက်ရှာဖွေချိတ်ဆက်သူမှထုတ်ကုန်ပစ္စည်းများအား ဝယ်ယူမည့်သူထံ သယ်ယူ ပို့ဆောင်ခြင်းကို ကြီးကြပ်ပေးရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ မိမိတို့၏ ထုတ်ကုန် ပစ္စည်းများသည် ဝယ်ယူမည့်သူများနှင့် သဘောတူထားသည့်ကတိကဝတ်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ရမည်။ ထုတ်ကုန်ပစ္စည်းတန်ဖိုးငွေကို ထုတ်ကုန်ပစ္စည်းသယ်ယူပို့ဆောင်

ချိန်တွင် ငွေပေးချေရမည်ဖြစ်ပြီး ဘဏ္ဍာရေးတာဝန်ခံမှ ယာယီလက်ခံသိမ်းဆည်းထားရမည်။ ငွေလက်ခံဖြတ်ပိုင်း (သို့) လက်ရေးမူကို လုံလုံခြုံခြုံသိမ်းဆည်းထားရမည်။ အကယ်၍ အစုအဖွဲ့ ပုံစံ (၂) ဖြင့် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများသည် သီးခြားအဖွဲ့ဝင် အိမ်ထောင်စုများမှ ထုတ်လုပ်လာပြီး အရေအတွက်နှင့် အရည်အသွေး ကွာခြားချက်များရှိနေပါက အုပ်ချုပ်မှုဆိုင်ရာတာဝန်ခံသည် အိမ်ထောင်စုတစ်ခုစီ၏ ရောင်းချလိုက်သည့် ထုတ်ကုန်အရေအတွက် (ဥပမာ - ဂက်ကောင်ရေနှင့် အလေးချိန်ပိဿာ) ၊ အရည်အသွေး (ဥပမာ - ဒေသဂက်/ စပ်မျိုးဂက်၊ ကျန်းမာသောဂက် (သို့) ဂက်အကောင်အကြီး) နှင့် ရောင်းရငွေတို့ကို သီးခြားခွဲ၍ မှတ်သားထားရမည်။ ထိုမှတ်တမ်းသည် အဖွဲ့ဝင်များသို့ ပြန်လည်တင်ပြရမည်ဖြစ်ပြီး အကျိုးအမြတ်ပြန်လည်ခွဲဝေရန် ဆုံးဖြတ်ကြရာတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

## အဆင့် (၆) သုံးသပ်အကဲဖြတ်ခြင်းနှင့် အစီအစဉ်များပြန်လည်ရေးဆွဲခြင်း

### အဆင့်ခွဲ (၁၆) - စာရင်းပြုစုခြင်းနှင့် အစီရင်ခံခြင်း

### ရငွေပေးငွေစာရင်းများပြုစုခြင်းနှင့် အရှုံးအမြတ်ခွဲဝေခြင်း

၁၀၄။ ဈေးကွက်တင်ပို့ရောင်းချခြင်းလုပ်ငန်းအပြီးတွင် မြို့နယ်အသက်မွေးဝမ်းကျောင်းတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့၏အကူအညီဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် ဘဏ္ဍာရေးတာဝန်ခံတို့မှ ရငွေ/ပေးငွေ အခြေအနေများအား စာရင်းရှင်းလင်းခြင်းနှင့် အကျိုး အမြတ်ခွဲဝေရန် ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရမည်-

(က) **ငွေအဝင်အထွက်များအားရှင်းလင်းခြင်း**

ဘဏ္ဍာရေးတာဝန်ခံသည် ထုတ်ကုန်ပစ္စည်းများရောင်းချပြီးသည့် အချိန်တွင် ရောင်းရငွေနှင့် ငွေအဝင်အထွက်များ ရှင်းပြနိုင်ရန် အဖွဲ့အစည်းအဝေး ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ရခြင်းသည် ငွေကြေးအဝင်၊ အထွက်အတွက် ပွင့်လင်းမြင်သာ ဖြစ်သည်။

(ခ) **အခြားအသုံးစရိတ်များ**

အခြားကုန်ကျစရိတ်များ (သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်၊ ထုတ်ကုန်ပစ္စည်းအကောက်ခွန်ခ၊ ကုန်သွယ်ခွင့်အခများအပါအဝင်) ကုန်ကျခြင်း၊ ဆုံးရှုံးမှု အခြေအနေများ၊ ထိခိုက်ပျက်စီးသွားသောပစ္စည်းများနှင့် မရောင်းရသောပစ္စည်းများစသည့်တို့ကို ဘဏ္ဍာရေးတာဝန်ခံ ရှင်းလင်းတင်ပြရမည်ဖြစ်သည်။ အဖွဲ့ဝင်များ

သည် ထိုအသုံးစရိတ်များ၊ ပျက်စီးဆုံးရှုံးမှုများ၊ စာရင်းပျောက်ရှမှုများနှင့် ပြန်လည် ထည့်ဝင်မှုများအား မှန်ကန်မှုရှိ/မရှိ မေးမြန်းလာပါက အဖွဲ့ဝင်များ ကျေနပ်လက်ခံသည်အထိ ရှင်းပြရမည်။

**အကျိုးအမြတ်ခွဲဝေမှု**

၁၀၅။ မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့၏ ကူညီပံ့ပိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့သည် ပြန်ရငွေ၊ အမြတ်အစွန်းနှင့် ဆုံးရှုံးမှုများအား ညီမျှစွာခွဲဝေနိုင်ရန် အဖွဲ့ဝင်အားလုံးနှင့် အတူတကွအစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်ချက်ချရမည်။

**မှတ်တမ်းများထိန်းသိမ်းခြင်း**

၁၀၆။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ကျေးရွာလုပ်ငန်းအဖွဲ့၏ အကူအညီဖြင့် လုပ်ငန်းစဉ်အဆင့်ခွဲများ၏ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သဘောတူညီမှုအထောက်အထားများအား ၎င်းတို့အဖွဲ့၏ ဖိုင်များတွင် သေချာစွာသိမ်းဆည်းထားရှိရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့အနေဖြင့်မှတ်တမ်းများ ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စဆောင်ရွက်ရန် အရည်အချင်းရှိသော အဖွဲ့ဝင်(၁)ဦးကိုရွေးချယ်ရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့အား အစုအဖွဲ့ဖြင့် ဝယ်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ထုတ်ကုန်များရောင်းချမှု၊ ကုန်ကျစရိတ်များအတွက် မှတ်တမ်းများ၊ အကြမ်းအမြတ်တွက်ချက်မှုများအား ဆောင်ရွက်တတ်စေရန်နှင့် မှတ်တမ်းများ ထိန်းသိမ်းတတ်စေရန် မြို့နယ်လုပ်ငန်းအဖွဲ့(သို့မဟုတ်) မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံမှ သင်တန်းများ ပို့ချသင်ကြားပေးရမည်ဖြစ်ပါသည်။

**စောင့်ကြည့်ကြီးကြပ်ခြင်း**

၁၀၇။ စောင့်ကြည့်ကြီးကြပ်ခြင်းသည် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် အသက်မွေးဝမ်းကျောင်းတစ်ဖွဲ့ချင်းစီသည် ကျေးရွာလုပ်ငန်းအဖွဲ့၊ မြို့နယ်အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ခံနှင့် မြို့နယ်လုပ်ငန်းအဖွဲ့တွင် ပါဝင်သော သက်ဆိုင်ရာပုဂ္ဂိုလ်များဖြင့် လစဉ်စောင့်ကြည့်ကြီးကြပ်ရေးအစည်းအဝေး ပြုလုပ်ရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာကူညီပံ့ပိုးသူတာဝန်ခံမှ အဖွဲ့ဝင်များအား စောင့်ကြည့်ကြီးကြပ်ခြင်း အစည်းအဝေးပြုလုပ်မည့် နေ့ရက်နှင့် အချိန်ကို အနည်းဆုံး (၁)ရက်ခန့် ကြိုတင်အကြောင်းကြားရမည်။ စောင့်ကြည့်ကြီးကြပ်ခြင်း အစည်းအဝေးသည် ပြဿနာ

များဖြေရှင်းရန်အတွက် ရည်ရွယ်ပါက အဖွဲ့ဝင်အားလုံး (သို့) အဖွဲ့ဝင်အားလုံး၏ ၈၀% နှုန်း အစည်းအဝေးကို တက်ရောက်ရန်လိုအပ်ပါသည်။

၁၀၈။ စောင့်ကြည့်ကြီးကြပ်ရေးအစည်းအဝေး၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် စီမံကိန်းကာလအတွင်း အောက်ပါတို့ ကို ဆောင်ရွက်ရမည်ဖြစ်သည်-

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်အဆင့်များအတိုင်း လုပ်ဆောင်ခြင်း ရှိ/မရှိ၊

၂။ အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် အဖွဲ့လိုက်လုပ်ဆောင်ခြင်း ရှိ/မရှိ၊

၃။ သတ်မှတ်စည်းမျဉ်းများကို လိုက်နာမှုရှိ/မရှိတို့ကို လစဉ်စောင့်ကြည့်ကြီးကြပ်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်းအဖွဲ့များတွေ့ကြုံရသော ပြဿနာ၊ အခက်အခဲများကို ဖော်ထုတ်ပြီး အသက်မွေးဝမ်းကျောင်းအဖွဲ့များကိုပံ့ပိုးကူညီပေးရန်၊

(ဂ) စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်သုံးသပ်ခြင်းအတွက် စာရင်းများလိုအပ်သည့်အချိန်နှင့် အသက်မွေးဝမ်းကျောင်းအစီရင်ခံစာအတွက် သတင်းအချက်အလက်များ လိုအပ်သည့်အချိန်တွင် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကိုပံ့ပိုးပေးရန်။

**အစီရင်ခံစာများ ပေးပို့တင်ပြခြင်း**

၁၀၉။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် လစဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ (သက်မွေးပုံစံ-၂) ကိုပြုစု၍ သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့ (မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)ထံ လစဉ် **မူရင်း** တင်ပြရမည်ဖြစ်ပြီး ကျေးရွာလုပ်ငန်းအဖွဲ့ထံ **မိတ္တူ** ပေးပို့ရမည်ဖြစ်သည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ တင်ပြလာသော အစီရင်ခံစာများကို စိစစ်သုံးသပ်၍ **မြို့နယ်အဆင့်တိုးတက်မှုအစီရင်ခံစာ**ကို ပြုစုရမည်ဖြစ်သည်။ ပြုစုထားရှိသော အစီရင်ခံစာကို ပြည်နယ်/ တိုင်းဒေသကြီးကြီးကြပ်မှုကော်မတီ (ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာန) မှတဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ထံ **လစဉ်** တင်ပြရမည်ဖြစ်သည်။ မြို့နယ်

ကျေးလက်ဦးစီးဌာနမှတင်ပြရမည့် မြို့နယ်အဆင့်တိုးတက်မှုအစီရင်ခံစာအား **နောက်ဆက်တွဲ (ဈ)** ဖြင့်လည်းကောင်းဖော်ပြထားပါသည်။

၁၁၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် စီမံကိန်းစက်ဝန်းတစ်ခု ဆောင်ရွက်ပြီးစီးပြီး နောက် **ရက်ပေါင်း(၃၀)အတွင်း** အသက်မွေးဝမ်းကျောင်းအဖွဲ့၏လုပ်ငန်းပြီးစီးမှုအစီရင်ခံစာ (သက်မွေးပုံစံ-၃)နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အရောင်း/အဝယ် အရှုံး/အမြတ်စာရင်း (သက်မွေးပုံစံ-၄) ကို ကျေးရွာလုပ်ငန်းအဖွဲ့ထံ **မိတ္တူ** နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနထံ **မူရင်း** တင်ပြရမည်ဖြစ်သည်။ မြို့နယ်ကျေးလက်ဦးစီးဌာနမှစိစစ်၍ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှတဆင့် ကျေးလက်ဦးစီးဌာန (ရုံးချုပ်)ထံ ဆက်လက်တင်ပြရမည်ဖြစ်ပါသည်။

၁၁၁။ စီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုအားကောင်းစေရန် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးသည့်ရက်မှ (၁)လအတွင်း ကျေးရွာလုပ်ငန်းအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာနှင့် အသုံးစရိတ်အစီရင်ခံစာ (ကျေးရွာပုံစံ-၄) ကိုဖြည့်စွက်၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံတင်ပြရမည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ မိတ္တူတစ်စုံပေးပို့ရမည်။

## အဆင့်ခွဲ (၁၇) - အကဲဖြတ်ခြင်းနှင့် သုံးသပ်ခြင်း

## ပြီးစီးခဲ့သောထုတ်လုပ်မှုစက်ဝန်းအား အကဲဖြတ်ခြင်းနှင့်သုံးသပ်ခြင်း

၁၁၂။ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းစက်ဝန်းတွင် ရေးဆွဲခဲ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆိုပြုလွှာအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး အကဲဖြတ်ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကဲဖြတ်ဆန်းစစ်ရမည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် အဖွဲ့အနေဖြင့် ဆောင်ရွက်ခဲ့မှုအခြေအနေ

၁။ ဈေးကွက်အစီအစဉ်၊

၂။ ထုတ်လုပ်မှုအစီအစဉ်၊

၃။ အဖွဲ့အစည်းဆိုင်ရာအစီအစဉ်၊

၄။ ဘဏ္ဍာရေးအစီအစဉ်၊

၅။ သင်တန်းများနှင့် အခြားသောစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊

၆။ အမြတ်အစွန်းခွဲဝေမှု။

( ခ ) ကုန်ကျစရိတ်များနှင့်သွင်းအားစုများအတွက်လုံလောက်သောပမာဏ၊

( ဂ ) တန်ဖိုး၊ အရည်အသွေးနှင့် ထုတ်ကုန်များ၏အရေအတွက် (သို့) ထုတ်ကုန်များ ရောင်းချမှု၊

(ဃ) တွေ့ကြုံရသည့်အခက်အခဲများနှင့် အဖွဲ့များအနေဖြင့် အဆိုပါကိစ္စများအပေါ် ဖြေ ရှင်းဆောင်ရွက်ခဲ့မှု၊

( င ) ရောင်းချသူများ၊ ဝယ်ယူသူများ၊ ထောက်ပံ့ပေးသည့်အဖွဲ့များနှင့် သက်ဆိုင်သူ များအား ချိတ်ဆက်မှုနှင့် ဆက်သွယ်/ဆက်ဆံမှု၊

**နောက်တစ်ကြိမ်ထုတ်လုပ်မှုစက်ဝန်းအတွက် စစ်ဆေးချက်**

၁၁၃။ အကဲဖြတ်ဆန်းစစ်ချက်ပြုလုပ်မှုပြီးစီးပြီးနောက် အသက်မွေးဝမ်းကျောင်းအဖွဲ့များအား နောက်တစ်ကြိမ်ထုတ်လုပ်မှုစက်ဝန်းအတွက် အောက်ဖော်ပြပါတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါ သည်-

(က) တူညီသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းအား တူညီသော အတိုင်းအတာ/ ပမာဏ အတိုင်းဆက်လက်ဆောင်ရွက်ခြင်း (ဥပမာ - ပြီးစီးခဲ့သည့်စက်ဝန်းတွင် အိမ်ထောင်စု အဖွဲ့ဝင်တစ်ဦးမှဝက်နှစ်ကောင်မွေးခဲ့လျှင်၊ နောက်လာမည့် စက်ဝန်းတွင် အရေအတွက် တူညီစွာမွေးမြူခြင်း)၊

(ခ) တူညီသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သော် လည်း အတိုင်းအတာ/ ပမာဏ တိုးမြှင့်ခြင်း(ဥပမာ-ပြီးစီးခဲ့သည့်စက်ဝန်းတွင် အိမ်ထောင်စုအဖွဲ့ဝင် တစ်ဦးမှဝက်နှစ်ကောင်မွေးခဲ့လျှင်၊ နောက်လာမည့်စက်ဝန်း တွင် ဝက်သုံးကောင်မွေးမြူခြင်း)၊

(ဂ) လက်ရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်မတူသည့် လုပ်ငန်းများလုပ်ကိုင်ခြင်း (သို့) တိုးချဲ့၍လုပ်ကိုင်ခြင်း ( ဥပမာ - အခြားသောအသက်မွေးဝမ်းကျောင်း လုပ်ငန်းအား လုံးဝပြောင်းလဲလုပ်ကိုင်ခြင်း (သို့) ဝက်အသားတိုးမွေးမြူရေး

လုပ်ငန်းအပြင် ဝက်သားပေါက်များထုတ်လုပ်ခြင်း (သို့) ဝက်စာထုတ်လုပ်ခြင်း နှင့် ဈေးကွက်တွင်ရောင်းချခြင်း) များဆောင်ရွက်နိုင်ပါသည်။

၁၁၄။ ဆောင်ရွက်ပြီးစီးခဲ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် အကျိုးအမြတ်မရရှိခဲ့သော်လည်းကောင်း၊ ရေရှည်တည်တံ့သည့်လုပ်ငန်းမျိုးမဟုတ်လျှင်သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့မှပိုမိုအလားအလာရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအား ပြောင်းလဲဆောင်ရွက်နိုင်သည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များအနေဖြင့် ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းများအပေါ် လုပ်ငန်းအတွေ့အကြုံ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိရန် လိုအပ်မည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်မည်ဆိုပါက အသက်မွေးဝမ်းကျောင်းအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်မှုမစတင်မီ မြို့နယ်လုပ်ငန်းအဖွဲ့မှ အဆိုပါလုပ်ငန်းအသစ်အား သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဉ်**

၁၁၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့များထံမှရရှိသော အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဦးစီးရုံးများမှ စိစစ်ခွင့်ပြုပေးရမည်ဖြစ်ပြီး ဦးစီးဌာန(ရုံးချုပ်) သို့မှတ်တမ်းတင်ခွင့်ပြုရန်သာတင်ပြရမည်။ ရရှိလာသောအတိုးငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည်-

(က) ကျေးရွာအစည်းအဝေးပွဲကျင်းပ၍ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများသဘောတူ ရွေးချယ်ရမည်၊

(ခ) ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ခန့်မှန်းခြေအသုံးစရိတ်စာရင်း၊ ဆောင်ရွက်မည့်လုပ်ငန်း၊ ကာလ၊ ဆောင်ရွက်မည့်အစီအစဉ်၊ ရရှိနိုင်မည့်အကျိုးကျေးဇူးတို့ကို ကျေးရွာလုပ်ငန်းအဖွဲ့မှ ရေးဆွဲပြုစုရမည်၊

(ဂ) ရေးဆွဲပြုစုထားသော လုပ်ငန်းအစီအစဉ်ကို မြို့နယ်လုပ်ငန်းအဖွဲ့ (မြို့နယ် ကျေးလက်ဦးစီးဌာန)ထံ တင်ပြအတည်ပြုချက်ရယူရမည်၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ပြင်ဆင်ရန်/ ဖြည့်စွက်ရန်အကြောင်းကြားပါက လိုက်နာဆောင်ရွက်ရမည်။

(ဃ) မြို့နယ်လုပ်ငန်းအဖွဲ့၏ အတည်ပြုချက်ရရှိပါက ရေးဆွဲထားသောလုပ်ငန်းကို ကျေးရွာလူထုမှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (သို့မဟုတ်) ကန်ထရိုက်စနစ် ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းများကို ပြုလုပ်ရမည်၊

(င) လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ကျေးရွာလူထုမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်ရမည်၊

(စ) အသုံးစရိတ်များအားလုံး (အတိုးရငွေအပြင် ကျေးရွာလူထုမှ ထည့်ဝင်ငွေများ၊ လှူဒါန်းငွေများ) အားအများပြည်သူသိရှိအောင် ရှင်းလင်းချပြရမည်၊

(ဆ) ဆောင်ရွက်သည့် လုပ်ငန်းများအတွက် အသုံးစရိတ်ပြေစာများ၊ အခြားစာရွက်စာတမ်းများကို ထိန်းသိမ်းထားရှိရမည်။

၁၁၆။ ကျေးရွာမှဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့မှ အောက်ဖော်ပြပါတို့ကိုဆောင်ရွက်ရမည်-

(က) အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာများမှ တင်ပြလာပါက သေချာစွာစိစစ်၍ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဦးစီးဌာနထံ တင်ပြခွင့်ပြုချက်တောင်းခံခြင်း၊

(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်း၊

(ဂ) ကျေးရွာမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် အရည်အသွေးကို စစ်ဆေးခြင်း၊

(င) ကျေးရွာလုပ်ငန်းအဖွဲ့၏ အသုံးစရိတ်ပြေစာများနှင့် လုပ်ငန်းပြီးစီးမှု အစီရင်ခံစာများကို စစ်ဆေးခြင်း၊

(စ) အတိုးရငွေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများမှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင် ရွက်ခြင်းမပြုရ၊

(ဆ) အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးမှတဆင့်ဦးစီးဌာန (ရုံးချုပ်)ထံ အစီရင်ခံ တင်ပြရမည်။

**အကျုံးဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁၁၇။ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏထက် လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းပြည့်ဝ ကောင်းမွန်ရေးကို အလေးထားစဉ်းစားရမည်။ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်-

(က) ကျေးရွာအခြေခံအဆောက်အအုံ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ အသေးစား တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

(ခ) ကျေးရွာရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ၊

(ဂ) ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးဆက်စပ်လုပ်ငန်းများ၊

(ဃ) ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(င) ကျေးရွာနေအများပြည်သူအကျိုးရှိမည့်လုပ်ငန်းများ၊

(စ) နည်းပညာပိုင်းဆိုင်ရာ ခက်ခဲရှုပ်ထွေးခြင်းမရှိဘဲ ကျေးရွာလူထုမှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ၊

(ဆ) ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကိစ္စရပ်များအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ ယာဉ်စက်ကိရိယာဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများ၊

(ဇ) ကျေးရွာလူထုအသိပညာပေးလုပ်ငန်းများ၊ Digital App/ Web Platform များတပ်ဆင်ခြင်း၊ အင်တာနက်ချိတ်ဆက်ခြင်း၊ Internet ၊ Wifie လစဉ်ကြေးပေးသွင်းခြင်းများ။

**အကျုံးမဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁၁၈။ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ခြင်း မပြုရ -

(က) တစ်ဦးတစ်ယောက်(သို့မဟုတ်)အစုအဖွဲ့တစ်ခုကိုသာအကျိုးဖြစ်စေမည့် လုပ်ငန်းများ၊

( ခ) ကျေးရွာမှ အများသဘောတူရွေးချယ်ထားခြင်း မဟုတ်သည့်လုပ်ငန်းများ၊

(ဂ) နည်းပညာပိုင်းဆိုင်ရာ ခက်ခဲရှုပ်ထွေးသော လုပ်ငန်းများ၊

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော၊ ထိခိုက်စေနိုင်သော လုပ်ငန်းများ၊

( င) ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊

(စ) လက်ကိုင်လွှစက်၊ ပိုးသတ်ဆေး၊ မီးခံကျောက်အပါအဝင် မူးယစ်ဆေးဝါး (သို့မဟုတ်) အန္တရာယ်ရှိစေသော အခြားပစ္စည်းများနှင့် အသုံးအဆောင်များ ဝယ်ယူမှုပါဝင်သော လုပ်ငန်းများ။

**စီမံကိန်းရန်ပုံငွေအား ရပ်ဆိုင်းခြင်း၊ ပြန်လည်သိမ်းဆည်းခြင်း**

၁၁၉။ အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်ဖြစ်ပွားပါက အသက်မွေးဝမ်းကျောင်း ချေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရပ်တန့်ခြင်း/ ပြန်လည်ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်-

(က) ကျေးရွာလုပ်ငန်းအဖွဲ့ (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်တစ်ဦးတစ်ယောက် (သို့မဟုတ်) အစုအဖွဲ့တစ်ခု၏ လုပ်ဆောင်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေခြင်း၊

(ခ) ချေးငွေများအလွဲသုံးစားမှုများ၊ ငွေကြေးမသမာမှုများ ဖြစ်ပေါ်ကြောင်း စိစစ်တွေ့ရှိရခြင်း၊

(ဂ) သတ်မှတ်ကာလအတွင်း ချေးငွေနှင့်အတိုးကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊

(ဃ) အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များ၏ အများဆန္ဒအရ ချေးငွေများအား ဆက်လက်ရယူလိုမှုမရှိခြင်း၊

(င) အဆိုပြုလုပ်ငန်းအား အောင်မြင်စွာလည်ပတ်နိုင်စွမ်းမရှိဟုယူဆခြင်း၊

(စ) စီမံကိန်းလက်စွဲစာစောင်ပါလမ်းညွှန်ချက်များနှင့် အခါအားလျော်စွာထုတ်ပြန်သောလမ်းညွှန်ချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

၁၂၀။ စီမံကိန်းထောက်ပံ့ရန်ပုံငွေများကို ရပ်တန့်ခြင်း/ ပြန်လည်ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနသည် လိုအပ်သောအထောက်အထားများဖြင့် ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာန (ရုံးချုပ်) ထံ တင်ပြဆောင်ရွက်ရမည်။

၁၂၁။ ပြန်လည်သိမ်းဆည်းထားသော ရန်ပုံငွေကို မြို့နယ်အတွင်းရှိ အခြားကျေးရွာသို့ ဖြစ်စေ၊ အခြားမြို့နယ်အတွင်းရှိ ကျေးရွာသို့ဖြစ်စေ ပြောင်းလဲဆောင်ရွက်နိုင်သည်။

၁၂၂။ ယင်းကျေးရွာ၌ ရရှိထားသော အတိုးရငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာသို့ လွှဲပြောင်းပေးအပ်ခဲ့ရမည်။ ကျေးရွာမှ တာဝန်ယူ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

**အရေးယူအပြစ်ပေးခြင်း**

၁၂၃။ အသက်မွေးဝမ်းကျောင်းအဖွဲ့နှင့်ကျေးရွာလုပ်ငန်းအဖွဲ့မှ ငွေကြေးအလွဲသုံးစားပြုလုပ်ခြင်း၊ စီမံကိန်းရန်ပုံငွေများအား အရင်း၊ အတိုးပေးဆပ်ရန် ပျက်ကွက်ခြင်းတို့ ဖြစ်ပေါ်ပါက အောက် ဖော်ပြပါအတိုင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်-

(က) မည်သူမဆို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ (အရင်း/အတိုး)များကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း၊ ငွေကြေးမသမာမှုများပြုလုပ်ပါက ပြစ်မှုကြောင်းအရ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံ ရမည်။

(ခ) ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေအား တစ်စုံတစ်ယောက်က အလွဲသုံးစားပြုကြောင်းတွေ့ရှိလျှင် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းအဖွဲ့သည် အရင်းငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရန် ပျက်ကွက်ကြောင်း တွေ့ရှိလျှင် ကျေးရွာလုပ်ငန်းအဖွဲ့သည် သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရမည်။

(ဂ) ကျေးရွာလုပ်ငန်းအဖွဲ့ (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးက စီမံကိန်းထောက်ပံ့ငွေများအား အလွဲသုံးစားပြုကြောင်းတွေ့ရှိလျှင် မြို့နယ်လုပ်ငန်းအဖွဲ့သည် ထိုသူအား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရမည်။

**ပြန်လည်အစီအစဉ်ရေးဆွဲခြင်း**

၁၂၄။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုသည် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များအကြား အသက်မွေးဝမ်းကျောင်းဆိုင်ရာပြန်ရငွေများ ပိုမိုတိုးပွားလာစေပြီး ထပ်မံဆောင်ရွက်မည့်ထုတ်လုပ်မှု စက်ဝန်းအတွက် အစီအစဉ်ပြန်လည်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ အစီအစဉ်ပြန်လည်ရေးဆွဲနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် သတင်းအချက်အလက်များအား ပြည့်စုံစွာစုစည်းထားရှိရမည်။ စုစည်းထားရမည့် အချက်အလက်များမှာ-

(က) ပုံမှန်ကျင်းပပြုလုပ်သောအစည်းအဝေးမှ ဆွေးနွေးထားမှုများ၊

(ခ) အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အစီရင်ခံစာများ၊ မှတ်တမ်းအထောက်အထားများ၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအဆိုပြုလွှာ အစီအစဉ်နှင့် ဆက်စပ်သော တိုးတက်မှုများ၊

(ဂ) ကုန်ကျစရိတ်ပြန်လည်ရရှိမှုနှင့် အမြတ်အစွန်း (သို့) ဆုံးရှုံးမှုများခွဲဝေခြင်း သဘောတူညီချက်များ၊

(ဃ) ဝေဖန်အကြံပြုဖြေရှင်းရေးထားမှုအချက်အလက် စသည်တို့ဖြစ်ပါသည်။

**ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခြင်း**

၁၂၅။ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် ၎င်းတို့အဖွဲ့ဝင်များအကြားအငြင်းပွားမှုများ (သို့) နားလည်မှုလွဲမှားမှုများအား ကျေးရွာလုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့တို့၏အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့မဟုတ်သော ပြင်ပမှပုဂ္ဂိုလ်၏ မကျေနပ်ချက် (သို့) အကြံပြုချက်ကိစ္စဖြစ်ပေါ်လာပါက ကျေးရွာလုပ်ငန်းအဖွဲ့မှတစ်ဆင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံသို့အသိပေးအကြောင်းကြား၍မြို့နယ်လုပ်ငန်းအဖွဲ့မှတိုင်ကြားမှုအား ကိုင်တွယ်ဖြေရှင်းပေးရမည်။ မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် ကျေးရွာလူထုအား ထိရောက် အကျိုးရှိသည့် ပွင့်လင်းသော၊ ဆက်ဆံမှုရှိသော ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် ကူညီဆောင်ရွက်ပေးရမည်။ ထူးခြားသောကိစ္စများအတွက် မြို့နယ်လုပ်ငန်းအဖွဲ့မှ တာဝန်ယူမဖြေရှင်းနိုင်ပါက ပြည်နယ်/တိုင်း ဒေသကြီးကျေးလက်ဦးစီးဌာန (သို့မဟုတ်) ပြည်ထောင်စုအဆင့်ဗဟိုကြီးကြပ်မှုကော်မတီ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)) ထံတင်ပြပြီး အကြံပြုချက်၊ အငြင်းပွားမှု၊ မကျေနပ်မှုများအား ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(က)**

## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ (RBF) ရန်ပုံငွေ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆိုပြုလွှာပုံစံ

**နိဒါန်း**

အဖွဲ့အဆိုပြုလွှာတွင် စီးပွားရေးဆိုင်ရာအယူအဆ (သို့) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖော်ပြထားပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအတွက် ဘယ်လိုလုပ်ငန်းများက အလားအလာရှိပြီးအကျိုးအမြတ်ရှိကြောင်းအခြေခံလိုအပ်ချက်များကိုချမှတ်၍ဆုံးဖြတ်သည့်အစီအစ ဉ် များဖြစ်ပါသည်။ ပြီးပြည့်စုံသော အဖွဲ့အဆိုပြုလွှာပုံစံကို ကျေးရွာကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေလုပ်ငန်းအဖွဲ့မှ ပဏာမစိစစ်သုံးသပ်၍ မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်း အဖွဲ့က အခြေခံအားဖြင့် (၁) အဆိုပြုလွှာများသုံးသပ်ခြင်း၊ (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖွဲ့နှင့် ၎င်း၏အဖွဲ့ဝင်များကို ပံ့ပိုးပေးမည့် သင်တန်း၊ နည်းပညာသွင်းအားစုနှင့် တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်းများဆုံးဖြတ်ပေးရန် စသည်တို့အတွက် အသုံးပြုမည်ဖြစ်ပါသည်။

### အပိုင်း (၁) အချက်အလက်များခွဲခြားသတ်မှတ်ခြင်း

| | | |
|---|---|---|
| မြို့နယ် | ၊ | ------------------------------------------------ |
| ကျေးရွာအုပ်စု | ၊ | ------------------------------------------------ |
| ကျေးရွာ | ၊ | ------------------------------------------------ |
| အသက်မွေးဝမ်းကျောင်းအဖွဲ့အမည် | ၊ | ------------------------------------------------ |
| ဆောင်ရွက်မည့် လုပ်ငန်း | ၊ | ------------------------------------------------ |

## အဖွဲ့ဝင်များစာရင်း

| အိမ်ထောင်စု | အဖွဲ့ဝင်၏ အမည် | တော်စပ်ပုံ | လက်မှတ် | အိမ်ထောင်စု၏ အဓိကကိုယ်စားလှယ် |
|---|---|---|---|---|
| ၁ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၂ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၃ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၄ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၅ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၆ | ခင်ပွန်း | | | |
| | ဇနီး | | | |
| ၇ | ခင်ပွန်း | | | |
| | ဇနီး | | | |

## အပိုင်း (၂) စီးပွားရေးဆိုင်ရာအယူအဆ

အသက်မွေးဝမ်းကျောင်းအဖွဲ့မှ မည်သည့်ထုတ်ကုန်များကို ထုတ်လုပ်မည်နည်း၊ ၎င်းလုပ်ငန်း၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

……………………………………………………………………………………………………

……………………………………………………………………………………………………

……………………………………………………………………………………………………

| **ဈေးကွက်အစီအစဉ်** |
| --- |
| သင်တို့၏ ထုတ်ကုန်(သို့) ဝန်ဆောင်မှုကို မည်သူက ဝယ်ယူမည်နည်း? (ဦးတည်ထားသော ဈေးကွက် (သို့) ဝယ်ယူသူများ။) ဝယ်ယူသူများ၏ အမည်နှင့် ၎င်းတို့၏ နေရာကိုတိကျစွာ ဖော်ပြပေးပါ။ |
| အသက်မွေးဝမ်းကျောင်းအဖွဲ့၏ ထုတ်ကုန်(သို့)ဝန်ဆောင်မှုပမာဏနှင့် အမှန်တကယ် ဝယ်ယူနိုင်စွမ်းအား? |
| သင်တို့၏ ထုတ်ကုန်(သို့) ဝန်ဆောင်မှုများကို သင်တို့ဦးတည်ထားသောဈေးကွက်မှ သိရှိအောင် ဘယ်လိုပြုလုပ်မလဲ? |

မိမိအဖွဲ့၏ ထုတ်ကုန်သည် ဦးတည်ထားသောဝယ်ယူသူများ၏ လိုအပ်ချက်၊ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါသလား။ ကိုက်ညီအောင် ဆောင်ရွက်ပေးနိုင်ပါသလား။

အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များမှ ဘယ်လောက်ထုတ်လုပ်နိုင်မလဲ? (မွေးမြူရေး - ပိဿာ၊ အချိန်၊ အကောင်ရေ)

သင့်ထုတ်ကုန်ကို လက်ရှိရောင်းချနေသောဈေးနှုန်းက ဘယ်လောက်လဲ? ခန့်မှန်းဖော်ပြပေးပါ။

**ထုတ်လုပ်မှုအစီအစဉ်**

အလားအလာရှိသောဝယ်ယူသူများ၏ လိုအပ်ချက်များ (သို့) လက်ခံနိုင်သည့် စံသတ်မှတ်ချက်များအရ ထုတ်ကုန်များဘယ်လို ထုတ်လုပ်ရမည်ဆိုတာကို အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များ သိရှိပါသလား? ဝယ်ယူသူများနှင့် ကြိုတင်ချိတ်ဆက်ထားရှိမှု ရှိပါသလား?

ထုတ်ကုန်များထုတ်လုပ်ရန်အတွက် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များမှ ဗဟုသုတနှင့် ကျွမ်းကျင်မှု (သင်တန်းလိုအပ်ချက်) များ ထပ်မံလိုအပ်ပါသလား? လိုအပ်ပါက ဘာတွေလဲ?

ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို အဆင့်အလိုက် အသေးစိတ်ဖော်ပြပါ။

ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အလိုက် တာဝန်ယူလုပ်ဆောင်သူအမည်နှင့် ၎င်းတို့လုပ်ငန်း တာဝန်များကို ဖော်ပြပါ။

လိုအပ်သည့် ကုန်ကြမ်းပစ္စည်း/သွင်းအားစုများကို ဖော်ပြပါ။ လိုအပ်သော အရေးကြီးဆုံးသွင်းအားစု တို့ကို အမှတ်အသားပြုဖော်ပြပါ။

လုပ်ငန်းကုန်ကျစရိတ်သည် သွင်းအားစုများ ဝယ်ယူရန်လုံလောက်မှု ရှိပါသလား?

လိုအပ်သောသွင်းအားစုများကို မည်သည့်နေရာ၊ အချိန် နှင့် မည်သူ့ထံမှ ရရှိနိုင်မည်နည်း?

တစ်နှစ်ပတ်လုံးတွင် ထုတ်လုပ်မှုများစတင်ရန် အကောင်းဆုံးကာဘယ်အချိန်လဲ?

လုပ်ငန်းစတင်ချိန်နှင့် ပြီးဆုံးမည့်အချိန်ကို လုပ်ငန်းအစီအစဉ် (Work Plan) အသေးစိတ်ကို ဖော်ပြပါ။

ဒေသတွင်း ပြည်သူများအား အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအခြေအနေကိုဖော်ပြပေးပါ။

ထုတ်ကုန်များကို ဘယ်အချိန်မှာ ရောင်းချနိုင်မလဲ? (စတင်ထုတ်လုပ်သည့်အချိန်မှ ထုတ်ကုန်များ အဆင်သင့် ရောင်းချနိုင်သည့် အချိန်အထိ)

လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများက ဘာတွေလဲ? လုပ်ငန်းတစ်ခုချင်းစီ အလိုက် ဖော်ပြပါ။

ယင်းအခက်အခဲများကို ဖြေရှင်းမည့်နည်းလမ်းများက ဘာတွေလဲ?

| **အခက်အခဲ** | **ဖြေရှင်းမည့်နည်းလမ်း** |
| --- | --- |
| | |
| | |
| | |

**အဖွဲ့အစည်းဆိုင်ရာအစီအစဉ်**

အသက်မွေးဝမ်းကျောင်းအဖွဲ့၏ စီးပွားရေးလုပ်ငန်းကို ဘယ်သူကစီမံခန့်ခွဲမလဲ?

အသက်မွေးဝမ်းကျောင်းအဖွဲ့၏ ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေရန် ဘယ်သူက တာဝန်ယူမှာလဲ?

အသက်မွေးဝမ်းကျောင်းအဖွဲ့၏ ထုတ်ကုန်များထုတ်လုပ်ရာတွင် ဘယ်သူကစီမံခန့်ခွဲမှာလဲ?

အသက်မွေးဝမ်းကျောင်းအဖွဲ့၏ စီးပွားရေးလုပ်ငန်းအတွက် ငွေကြေးဆိုင်ရာကို ဘယ်သူက တာဝန်ယူမှာလဲ?

အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာကို ဘယ်သူကကူညီပံ့ပိုးပေးမှာလဲ?

ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အစိုးရ၏ စည်းမျဉ်း/ စည်းကမ်းများကို လိုက်နာရန် လိုအပ်ပါသလား? စည်းမျဉ်း/ စည်းကမ်းများကဘာတွေလဲ?

အခြားအဖွဲ့အစည်းများ/လုပ်ငန်းများနှင့် ပူးပေါင်းရန်လိုအပ်ပါသလား။ လိုအပ်ပါက ပူးပေါင်းဆောင်ရွက်လိုသည့်အဖွဲ့အစည်း/လုပ်ငန်းများကို ဖော်ပြပါ။ ပူးပေါင်းရန်လိုအပ်သည့် အကြောင်းအရင်း ဖော်ပြပါ။

## ဘဏ္ဍာရေးအစီအစဉ်

**ရင်းနှီးမြှုပ်နှံမှုခန့်မှန်းခြေ။** အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ၎င်းတို့၏ ထုတ်ကုန်များ ထုတ်လုပ်ခြင်းမှစတင်၍ ရောင်းချမည့် အချိန်ထိ လိုအပ်သည့် ငွေပမာဏကဘယ်လောက်လဲ? ခန့်မှန်းတွက်ချက်မှုစာရင်းကိုဖော်ပြပါ။

| စဉ် | လိုအပ်ဖော်ပြချက် (အသေးစိတ်ဖော်ပြရန်) | အရေအတွက် | နှုန်း | ကျသင့်ငွေ (ကျပ်သိန်း) | မှတ်ချက် |
|---|---|---|---|---|---|
| ပစ္စည်းအမျိုးအစား | | | | | |
| ၁ | ဥပမာ - CP ဝက် | ၅ ကောင် | ၈၀,၀၀၀ | ၄၀၀,၀၀၀ | |
| ၂ | | | | | |
| လုပ်သားအမျိုးအစား | | | | | |
| ၁ | | | | | |
| ၂ | | | | | |
| အထွေထွေ | | | | | |
| ၁ | | | | | |
| ၂ | | | | | |
| | **စုစုပေါင်း** | | | | |

**ငွေလုံးငွေရင်းအရင်းအမြစ်များ။**

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ(RBF)မှ ထုတ်ချေးပေးရန်လိုအပ်မည့်ပမာဏ - (လုပ်ငန်းလျာထားရင်းနှီးမြှုပ်နှံငွေ၏ ၇၅ % သာ )ကို ဖော်ပြပါ။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ(၇၅%)ထုတ်ယူလိုသည့် ကာလကို ခန့်မှန်းဖော်ပြပါ။

အသက်မွေးဝမ်းကျောင်းအဖွဲ့များသည် ကျန်ရှိသောလုပ်ငန်းလျာထား ရင်းနှီးမြှုပ်နှံငွေ၏ ၂၅ % ကို မည်သို့ထည့်ဝင်မည်နည်း?

**အသက်မွေးဝမ်းကျောင်းအဖွဲ့များ၏ အကျိုးအမြတ် ခန့်မှန်းတွက်ချက်မှု**

| အကြောင်းအရာ | ငွေပမာဏ |
|---|---|
| (က) ရောင်းရငွေ | |
| (ခ) ကုန်ကျစရိတ် | |
| ထုတ်လုပ်မှုကုန်ကျစရိတ် (ကုန်ကြမ်းများ) | |
| ဈေးကွက်ထိုးဖောက်စရိတ် | |
| အခြားလုပ်ငန်းကုန်ကျစရိတ် | |
| စုစုပေါင်းကုန်ကျစရိတ် | |
| (ဂ) အသားတင်အမြတ်/အရှုံး (က-ခ) | |

အသက်မွေးဝမ်းကျောင်းအဖွဲ့များအတွက် အကျိုးအမြတ်ရှိပါသလား?

## လုပ်ငန်းသုံးသပ်ချက်နှင့် ခွင့်ပြုချက်တောင်းခံခြင်း

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

**တင်ပြသူ**

| | | |
|---|---|---|
| | | |
| **အမည်နှင့် လက်မှတ်**<br>**အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ်** | **အမည်နှင့် လက်မှတ်**<br>**အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ်** | **အမည်နှင့် လက်မှတ်**<br>**အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ်** |

**သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း**

**၁။ ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့၏ထောက်ခံချက်**

ကျွန်ုပ်တို့အနေဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့၏ အဆိုပြုလွှာကို မှန်ကန်ကြောင်း ထောက်ခံပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင် အိမ်ထောင်စုများသည် စီမံကိန်း၏ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ (RBF) အတွက် အကျုံးဝင်ပြီး ကျွန်ုပ်တို့အနေဖြင့် အဆိုပါ အဆိုပြုလွှာအား မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့မှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါသည်။

| | |
|---|---|
| | |
| **အမည်နှင့် လက်မှတ်**<br>**ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့၊ ဥက္ကဋ္ဌ** | **အမည်နှင့် လက်မှတ်**<br>**ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူး/အဖွဲ့ဝင်** |

## ၂။ မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးလုပ်ငန်းအဖွဲ့၏ ထောက်ခံချက်

ကျွန်ုပ်တို့အနေဖြင့် ၎င်းအဆိုပြုလွှာအား နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ထားပြီးဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ တွက်ချက်ထားသော သွင်းအားစုဈေးနှုန်းများသည် ဒေသပေါက်ဈေးနှင့်ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပြုလွှာကို ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီမှ ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါသည်။

| | |
|---|---|
| | |
| **အမည်နှင့် လက်မှတ်**<br>**မြို့နယ်လုပ်ငန်းအဖွဲ့**<br>**ဥက္ကဋ္ဌ** | **အမည်နှင့် လက်မှတ်**<br>**မြို့နယ်လုပ်ငန်းအဖွဲ့**<br>**အတွင်းရေးမှူး/အဖွဲ့ဝင်** |

**မထောက်ခံနိုင်သော/ လိုအပ်ချက်ရှိသော အဆိုပြုလွှာများအတွက် မှတ်ချက်**

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

## ၃။ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ၏ ထောက်ခံတင်ပြချက်

ကျွန်ုပ်တို့အနေဖြင့် ၎င်းအဆိုပြုလွှာအား နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ထားပြီးဖြစ်ပါသည်။ အဆိုပြုလွှာသည် လက်စွဲလမ်းညွှန်ချက်တွင်ပါဝင်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဗဟိုကြီးကြပ်မှုကော်မတီ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါသည်။

| |
|---|
| |
| **အမည်နှင့် လက်မှတ်**<br>**ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ/**<br>**ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** |

**မထောက်ခံနိုင်သော/ လိုအပ်ချက်ရှိသော အဆိုပြုလွှာများအတွက် မှတ်ချက်**

..........................................................................................................

..........................................................................................................

..........................................................................................................

..........................................................................................................

## ၄။ ပြည်ထောင်စုအဆင့် ဗဟိုကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်

